Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org





## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလကုန်တွင် မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၁၁၂ ဦး အကျဉ်းကျခံနေရပြီး နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ၄၈၆ ဦး တို့သည် နိုင်ငံရေး လှုပ်ရှားမှုများကြောင့် လက်ရှိအချိန်တွင် တရားရင်ဆိုင်နေရသည်။

# အောက်တိုဘာလ ၂၀၁၉ ခုနှစ်၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

## မာတိကာ


- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- မြေယာသိမ်းဆည်းမှုများ
- အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ စုစုပေါင်း ၁၀ ဦး ဖမ်းဆီးခံရပြီး ထို ၁၀ ဦးထဲမှ ၈ ဦးသည် ထောင်ဒဏ် ချမှတ် ခံခဲ့ရသည်။ နိုင်ငံရေး လှုပ်ရှားသူ ၃၁ ဦး ပြစ်ဒဏ် ချမှတ်ခံခဲ့ရပြီး နိုင်ငံရေး အကျဉ်းသား ၈ ဦး ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။ နိုင်ငံရေး အကျဉ်းသား ၉ ဦးမှာ ကျန်းမာရေးဆိုးဝါးလျက်ရှိကြောင်း သိရှိရပါ သည်။

အမျိုးသားပညာရေး ဥပဒေကြမ်းအား ဆန့်ကျင် ဆန္ဒပြပွဲ၌ ပူးပေါင်း ပါဝင်၍ မတ်လတွင်းတွင် ဖမ်းဆီးခံရပြီး တရားစွဲဆိုခံထားရသော ကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူ ၆၁ ဦးသည် ဆက်လက် ထိန်းသိမ်းခံထားရဆဲဖြစ်ပြီး ယခုလတွင်လည်း လက်ပံတန်းအမှုကိစ္စ အား ဆုံးဖြတ်နိုင်ခြင်း မရှိသေးပါ။ လူမဆန်သော နည်းလမ်းများကို အသုံးပြု၍ အကြမ်း ဖက်ဖြိုခွင်းသော ရဲအရာရှိများ၏လုပ်ရပ်များကို အသေးစိပ် ဖော်ပြထား သည့် အစီရင်ခံစာအား Fortify Rights အဖွဲ့နှင့် The Harvard Law School International Human Rights Clinic အဖွဲ့တို့မှ ထုတ်ပြန်ခဲ့သည်။ သာယာဝတီထောင်တွင် ထိန်းသိမ်းခံ ထားရသော ကျောင်းသားခေါင်းဆောင် ကိုအောင်မှိုင်းဆန်း သည် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးရေး ကျောင်းသားများ တောင်းဆိုထားမှုများကို လိုက်လျောခြင်းမရှိသောကြောင့် အစာငတ်ခံ ဆန္ဒပြလျက်ရှိသည်။ သူ၏ ဆန္ဒပြမှုအား မြန်မာနိုင်ငံတွင်းမှ အထူးဂရုပြုမိလာပြီး ကျောင်းသားနှစ်ဦးနှင့်ဂန်းရုံသူ တစ်ဦးသည်လည်း ပူးပေါင်း ပါဝင် အစာငတ်ခံ ဆန္ဒပြသည့်ပြင် တစ်ခြား သူများသည်လည်း ၎င်းတို့အား ထောက်ခံခြင်းအားဖြင့် ဆန္ဒပြပွဲများ ကျင်းပပြီး လက်ပံတန်း အမှုကိစ္စနှင့် ကိုအောင်မှိုင်းဆန်း၏ အကျပ်အ တည်းများကို အာရုံစိုက် လာစေရန် တောင်းဆိုလျက်ရှိသည်။ မုံရွာခရိုင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂမှ ကျောင်းသား နှစ်ဦးသည် လက်ပံတန်း ဆန္ဒပြသူများ လွတ်မြောက်ရေး အတွက် ဆန္ဒပြတောင်းဆိုခဲ့ကြ သောကြောင့် ငြိမ်း၊စု၊စီဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ထင်ရှားသော ကျောင်းသားခေါင်းဆောင် တစ်ဦး ဖြစ်သည့် ကိုကျော်ကိုကိုသည် လက်ပံတန်းတွင် ကျောင်းသားစစ် ကြောင်းကို အကြမ်းဖက်ဖြိုခွင်းခြင်းအပေါ် ဆန့်ကျင်သော မတ်လ ဆန္ဒပြမှုတွင် ဦးဆောင်ပါဝင်ခဲ့ခြင်းအတွက် ဖမ်းဆီး ခံရခြင်းမှ ရှောင်တိမ်းနေခဲ့ရာ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး ယခုလက်ရှိတွင် ထိန်းသိမ်းခံထားရသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လက်ပံတန်း ဆန္ဒပြကျောင်းသားများနှင့် ဂန်းရုံသူများကို ထိန်းသိမ်းထားခြင်းနှင့် နိုင်ငံရေး အကျဉ်းသားများကို အကျဉ်းချထားခြင်းသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန် တားဆီးနေသည်ဟု အောက်တိုဘာလ ၂၇ ရက်နေ့တွင် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ သည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ MNHRC

တရားမျှတသော ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ စိုးရိမ်မှုများ ရှိနေသော် လည်း ယခုလတွင် ဖမ်းဆီးမှုများ ဆက်လက်ရှိခဲ့သည်။ ပက်ထရစ်ကွမ်ဂျာလီ နှင့် မချောစန္ဒီထွန်းတို့သည် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား လှောင်ပြောင်ထားသော ဓာတ်ပုံများကို လူမှုကွန်ရက်စာမျက်နှာတွင် ဖြန့်ဝေခဲ့ခြင်း၊ ကိုလူဇော်စိုးဝင်းသည် အစိုးရအရာရှိဟောင်းများနှင့် အစိုးရအရာရှိ များကို Facebook ပေါ်၌ဆဲဆိုခြင်းစသည့် စွပ်စွဲချက်များဖြင့် ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရပြီး ဆက်သွယ်ရေးဥပဒေပုဒ်မနှင့် အီလက်ထရောနစ် ဥပဒေပုဒ်မတို့ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ကဗျာဆရာတစ်ဦးဖြစ်သည့် မောင်ဆောင်းခသည် လည်း သမ္မတအား ပုတ်ခတ်သည့် ကဗျာ Facebook ပေါ်တွင် ရေးသားခြင်းကြောင့် ဆက်သွယ်ရေး ဥပဒေဖြင့် ပင်တရားစွဲဆိုခံထားရပြီး ဖမ်းဆီးခံရခြင်းမှ တိမ်းရှောင်လျက်ရှိသည်။

နိုဝင်ဘာ ၈ ရက်နေ့၊ ရွေးကောက်ပွဲမတိုင်ခင် ရွေးကောက်ပွဲကိုယ် စားလှယ်လောင်းတစ်ဦးအား ဖမ်းဆီးခဲ့ခြင်းသည် ယခုလတွင်း သတိပြု ဖွယ်အမှုကိစ္စတစ်ရပ်လည်းဖြစ်သည်။ တသီးပုဂ္ဂလ ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်း တစ်ဦးဖြစ်သည့် ဒေါ်မြတ်နနိုင်သည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင်ပြုလုပ်သည့် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲ၌ ပူးပေါင်း ပါဝင်သည် ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ သူမသည် ထိုဆန္ဒပြ မှုပြီး၍ ဆယ်လကြာပြီးနောက် သူမ၏ မဲဆွယ် စည်းရုံးချိန် ကာလအတွင်းမှာ ဖမ်းဆီး၊ ထိန်းသိမ်းခံခဲ့ရပြီး အာမခံလျှောက် ထားမှု လည်းငြင်းပယ်ခံခဲ့ရသည်။

အမှုအများအပြားသည် စီရင်ချက်ချမှတ်ခံခဲ့ရပြီး လာမည့် ရွေးကောက် ပွဲပြီးသည့်တိုင်အောင် ကြာရှည်သော ထောင်သွင်း အကျဉ်းချထားမှုများ ရှိနေခဲ့သည်။ မိချောင်းကန်သပိတ်စခန်းမှ ဆန္ဒပြခဲ့သူ ဆယ့်သုံးဦးသည် ၁၉၉၀ ခုနှစ်တွင်စစ်တပ်မှ သိမ်းယူခဲ့သော ၎င်းတို့၏ ဘိုးဘွားပိုင်မြေများ ပြန် လည် ရရှိရန်နှင့် လျော်ကြေးများရရှိရန် တောင်းဆိုဆန္ဒပြခြင်းအတွက် ထောင်ဒဏ် လေးလချမှတ်ခံခဲ့ရပြီး သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှား သူ ငါးဦးသည် ဒီရေတောအပင်များကို ဖျက်ဆီးသည်ဟူသော စွပ်စွဲ ချက်ဖြင့် ပြစ်ဒဏ် ငါးလ ချမှတ်ခံခဲ့ရ သည့်ပြင် အမျိုးသာပညာရေး ဥပဒေမူကြမ်းကို ဆန့်ကျင် ကန့်ကွက်သည့် စာများ ရေးသားခဲ့သည့် အတွက် ကိုနိုင်ရဲဝေ၊ ကိုအောင်ဆန်းဦး၊ ကိုဂျစ်တူး နှင့် ကိုညာဏ်လင်း ထက် တို့သည် ဇူလိုင်လ ၁ ရက်နေ့တွင် ဖမ်းဆီးခံ ခဲ့ရပြီး သုံးလနှင့် ခြောက်လ အသီးသီးပြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။

ထို့ပြင် ကျောင်းသားများ၊ လယ်သမားများနှင့် သဘာဝပတ်ဝန်းကျင်ရေး ရာ လှုပ်ရှားဆောင်ရွက်နေသူများ၊ တိုင်းရင်းသားအုပ်စုများသည် တရားမ ဝင်အသင်းအဖွဲ့ဆက်သွယ်မှုဥပဒေဖြင့် စွဲချက်တင်ခံရပြီး ထိန်းသိမ်း (သို့မဟုတ်) ထောင်ဒဏ်ချမှတ်ခြင်းခံထားရသော တိုင်းရင်း သားလူမျိုးစု များမှ တိုင်းရင်းသားအများအပြားအပေါ် စိုးရိမ်မှုများ ဆက်လက်ရှိနေ သည်ကို ဖော်ပြခဲ့သည်။ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်ရှစ်ဖွဲ့တို့ သည် တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်ကို အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း သဘောတူညီမှုတစ်ခုဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှ အဖွဲ့ဝင်များနှင့် တိုင်းရင်းသားအဖွဲ့စည်းများနှင့် ဆက်သွယ်သည်ဟုဆိုကာ မတရားအသင်း္ဆဲဥပဒေဖြင့် တရားစွဲဆိုခံရ၍ ထောင်ဒဏ်ချမှတ်ခံထား ရသူများ လွှတ်ပေးရန် သဘောတူညီမှုသည် အကောင်အထည်ဖော် နိုင်ခြင်းမရှိသေးပါ။

# ထိန်းသိမ်းခံရခြင်းများ

**ကျောင်းသားခေါင်းဆောင် ကျော်ကိုကို လအနည်းငယ်ကြာ ပုန်းအောင်းနေပြီးနောက် ဖမ်းဆီး၊ တရားစွဲဆိုခံရ**

မတ်လ ၁၀ ရက်နေ့တွင် ပဲခူးတိုင်း၊ လက်ပံတန်း မြို့နယ်၌ ကျောင်းသားသပိတ်စစ်ကြောင်း အကြမ်းဖက်ဖြိုခွင်းခံရခြင်းကို ဆန့်ကျင်သောအားဖြင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂအဖွဲ့ချုပ်မှ ဥက္ကဋ္ဌတစ်ဦးဖြစ်သည့် ကိုကျော်ကိုကိုသည် မတ်လတွင်းတွင် ဦးဆောင်ဆန္ဒပြခဲ့၍ ဖမ်းဆီးခံရခြင်းမှ လွတ်မြောက်ရန် ရှောင်တိမ်းနေခဲ့ရာမှ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်တွင် ဖမ်းဆီးခံခဲ့ရ၍ အောင်သပြေစစ်ကြောရေးစခန်းတွင် တစ်ညတာ ထိန်းသိမ်းခံခဲ့ရသည်။ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကိုကျော်ကိုကိုအား ကမာရွတ်မြို့နယ်တရားရုံးသို့ ခေါ်ဆောင်သွားခဲ့ပြီးနောက်ပိုင်းတွင် အင်းစိန်ထောင်သို့လွှဲပြောင်းခဲ့သည်။ ယခုလက်ရှိတွင် သူသည် အင်းစိန်ထောင်၌သာ ထိန်းသိမ်းခံရလျက်ရှိသည်။ သူသည် ရာဇသတ်ကြီးပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇၊ ၅၀၅/ခ တို့ဖြင့် ထောင်ဒဏ်ခြောက်နှစ်နှင့်ခြောက်လ ကျခံရဖွယ်ရှိပြီး တစ်ခြားသော စွဲချက်များကိုလည်း ရင်ဆိုင်ရကောင်း ရင်ဆိုင်ရမည်ဖြစ်သည်။ သူ၏ နောက်တစ်ကြိမ်တရားရုံးချိန်းသည် နိုဝင်ဘာ လ ၅ ရက်နေ့တွင်ဖြစ်သည်။ အောက်တိုဘာ ၃၀ ရက်နေ့တွင် သူသည် မိသားစု၊ ရှေ့နေတို့နှင့် တွေ့ဆုံနိုင်ရန် ခွင့်ပြုခြင်းမခံခဲ့ရပါ။

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ Coconuts Yangon](#)
[၂၀၁၅ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ ရှေ့ပတီ](#)
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်၊ The News International](#)
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်၊ Amnesty International](#)

**တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ဒေါ်မြတ်နှိုင် ၂၀၁၄ ခုနှစ်၊ ဆန္ဒပြမှုတွင် ပူးပေါင်းပါဝင်ခြင်းအတွက် ဖမ်းဆီးတရားစွဲဆိုခံရ**

လာမည့်ရွေးကောက်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ် မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် တသီးပုဂ္ဂလ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်မြတ်နှိုင်သည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၊ တရုတ်သံရုံးရှေ့ ဆန္ဒပြမှုတွင် ပူးပေါင်းပါဝင်ခြင်းကြောင့် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး အင်းစိန်ထောင်သို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ သူမကို အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဒဂုံမြို့နယ်တရားရုံး၌ ရုံးထုတ်ခဲ့ပြီး အာမခံ မပေးခဲ့ပါ။ သူမသည် ရာဇသတ်ကြီးပုဒ်မ ၁၄၇၊ ၁၄၉၊ ၁၅၂၊ ၂၉၄၊ ၃၅၃၊ ၅၀၅/ခ၊ ငြိမ်းစုစီ ဥပဒေပုဒ်မ ၁၈ စသည့်ပုဒ်မများဖြင့် တရားစွဲဆိုခံထားရပြီး ကိုးနှစ်နှင့်ခုနစ်လထိ ပြစ်ဒဏ်ကျခံရနိုင်သည်။

တရုတ်အစိုးရ နောက်ခံပြုထားသော ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်သည့် အငြင်းပွားဖွယ် လက်ပံတောင်း ကြေးနီစီမံကိန်းအား ဆန္ဒပြနေစဉ်အတွင်း ရဲများ၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့သော ဒေါ်ခင်ဝင်းအတွက် စုံစမ်းစစ်ဆေးပေးရန် လူတစ်ရာနီးပါးမှ ၂၀၁၄ ခုနှစ်၌ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ဒေါ်မြတ်နှိုင်သည် ထိုဆန္ဒပြပွဲ၌ ပါဝင်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့ပြီး သူမသည် ဘာသာပြန်အဖြစ် လုပ်ပေးခဲ့ရုံမျှသာဖြစ်၍ အာဏာပိုင်များမှ သူမအား ပူးပေါင်းပါဝင်သူအဖြစ် ဖော်ထုတ်ခြင်းမှာ မမှန်ကန်ကြောင်း အခိုင်အမာပြောဆိုခဲ့သည်။

ဆန္ဒပြမှုတွင် ပါဝင်ခြင်းအတွက် တက်ကြွလှုပ်ရှားသူ ခြောက်ဦးသည် အလားတူသော စွဲချက်များဖြင့်ပင် ၂၀၁၅ ခုနှစ်၊ မေလတွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်လေးနှစ်နှင့်လေးလ ချမှတ်ခံခဲ့ရသည်။ ဒေါ်မြတ်နှိုင်သည် ဆန္ဒပြမှုပြီး၍ ဆယ်လကြာသောအခါမှ နောက်ဆုံးဖမ်းဆီးခံရသူဖြစ်ပြီး သူမ၏ နိုင်ငံရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်နေချိန်အတွင်း၌ ဖမ်းဆီး ခံရသူဖြစ်သည်။

အောက်တိုဘာလ ၂၀ ရက်နေ့တွင် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် အရေးပေါ်ကြေငြာချက်ထုတ်ပြန်ခဲ့ပြီး ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသော ဒေါ်မြတ်နှိုင်အား ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်နှင့် တရားစွဲဆိုချက်အားလုံးမှလည်း ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့သည်။
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ ရှေ့ပတီ](#)
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ အီလဲဗင်း/မြန်မာ](#)
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ](#)
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ ဘီဘီစီ/မြန်မာ](#)
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ ဒီဗွီဘီ](#)
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ Amnesty International](#)
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ The Voice/မြန်မာ](#)
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် မြန်မာတိုင်း](#)

**ထင်ရှားသော တက်ကြွလှုပ်ရှားသူ၏ ခင်ပွန်း အသရေဖျက်ထားသော Facebook Postအတွက် ဖမ်းဆီး၊ တရားစွဲဆိုခံရ**

ကချင် ငြိမ်းချမ်းရေးနှင့် အမျိုးသမီးရေးရာအတွက် လှုပ်ရှားဆောင်ရွက်နေသော ဒေါ်မေစံပယ်ဖြူ၏ ခင်ပွန်းဖြစ်သူ ပက်ထရစ် ကွမ်ဂျာလီသည် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဓာတ်ပုံကို ကချင်ပုဆိုး ဝတ်ထားသူတစ်ဦးမှ ဖိနပ်နှင့်နင်းထားသည့်ပုံအား Facebook ပေါ်တင်ခဲ့သည်ဟု စွပ်စွဲခံရပြီး လှိုင်မြို့နယ်ရှိ ရဲအရာရှိများမှ အောက်တိုဘာ ၁၄ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ တစ်ခြား Facebook သုံးစွဲသူများမှာ ထိုဓာတ်ပုံအား ၎င်းတို့၏ Faebook စာမျက်နှာသို့ ဝေမျှခဲ့သော်လည်း တရားစွဲဆိုခြင်းမခံရပဲ ပက်ထရစ်ကွမ်ဂျာလီတစ်ဦးသာ ထိုဓာတ်ပုံကို သူ၏ Facebook စာမျက်နှာသို့ ဝေမျှခြင်းမရှိခဲ့ပဲ အသရေဖျက်သည်ဟူသော စွပ်စွဲချက်ဖြင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆/ဃ အရ တရားစွဲဆို ခြင်းခံခဲ့ရသည်။

ပက်ထရစ်ကွမ်ဂျာလီသည် ယခုလက်ရှိတွင် အင်းစိန်ထောင်၌ ထိန်းသိမ်းခံထားရပြီး အောက်တိုဘာလ ၂၇ ရက်နေ့၊ သူ၏ဒုတိယအကြိမ်မြောက် တရားရုံးချိန်း၌ တရားလိုသည် တရားရုံးသို့လာရောက်ရန် ပျက်ကွက်သောကြောင့် ရုံးချိန်းအား ရွှေ့ဆိုင်းခဲ့ပြီး သူ၏အာမခံလျှောက်ထားမှုသည်လည်း နောက်တစ်ကြိမ်ရုံးချိန်းဖြစ်သည့် နိုဝင်ဘာလ ၆ ရက်နေ့သို့ ရွှေ့ဆိုင်းခံခဲ့ရသည်။ အောက်တိုဘာ ၁၆ ရက်နေ့တွင် ဒေါ်မေစံပယ်ဖြူသည် သူ၏ခင်ပွန်းနှင့် မိနစ် ၃၀ကြာ တွေ့ခွင့်ရခဲ့ပြီး ထိုအမှုသည် လုပ်ကြံဖန်တီးထားခြင်းဖြစ်သည်ဟု ယုံကြည်ပြီး သူမခင်ပွန်း၏ Facebook စာမျက်နှာသည် ဖောက်ထွင်းခံခဲ့ရသည်ဟု ပြောဆိုခဲ့သည်။ ပက်ထရစ်ကွမ်ဂျာလီသည် ပြင်းထန်သော ပန်းနာရောဂါရှိပြီး ယခုတွင် အူရောင်ရောဂါလက္ခဏာများ ပြသလျက်ရှိသောကြောင့် ထောင်ထဲတွင်ရှိနေသော သူမ၏ခင်ပွန်း ကျန်းမာရေးအတွက် စိုးရိမ်သည်ဟု ဖွင့်ဟခဲ့သည်။ ချောစန္ဒီထွန်းနှင့် ပက်ထရစ်ကွမ်ဂျာလီတို့ ဖမ်းဆီးခံရမှု အား နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ အမေရိကန်နိုင်ငံ နိုင်ငံခြား ရေးဝန်ကြီးဌာန ပြောရေး ဆိုခွင့်ရှိသူ ဂျွန်ကာဘီ တို့အပါအဝင် နိုင်ငံတကာ အသိုင်း

အပိုင်းတို့မှ အထူးဂရုပြုမိလာပြီး ထိုအဖွဲ့အစည်းနှစ်ခုမှ ၎င်းတို့အား ချွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန် အာဏာပိုင်များအား တောင်းဆိုခဲ့သည်။
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ ဧရာဝတီ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ Amnesty International
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ ဧရာဝတီ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ ဧရာဝတီ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ အီလဲဗင်း

**တပ်မတော်၏ ယူနီဖောင်းအသစ်ကို လူမှုကွန်ရက်တွင် သရော်သည့် နိုင်ငံရေး လှုပ်ရှားသူတစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံရ**

မအူပင်ခရိုင် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်ဟောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် အသက် ၂၅ နှစ်အရွယ်ရှိ မချောစန္ဒီထွန်းသည် ဒေါ်အောင်ဆန်းစုကြည် ဝတ်ဆင်သော ထမီအရောင်နှင့် ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်နှင့် အခြားစစ်မှုထမ်းများဝတ်ဆင်ထားသော တပ်မတော်၏ စစ်ဝတ်စုံအသစ်ကို နှိုင်းယှဉ်ထားသည့် ဓာတ်ပုံအား Facebook စာမျက်နှာတွင် တင်ခဲ့သည့်အတွက် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး အောက်တိုဘာလ ၁၃ ရက်နေ့တွင် အီလက်ထရောနစ် ဥပဒေပုဒ်မ ၃၄ (ဃ)၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၀ တို့ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ပုသိမ် အခြေစိုက် အနောက်တောင်တိုင်း စစ်ဌာနချုပ် (နတခ) မှ စစ်ဦးစီး (ပထမတန်း) အရာရှိ ဒုဗိုလ်မှူးကြီး ကျော်ထင် သည် သူမဖမ်းဆီးခံရပြီး နောက်တစ်နေ့တွင် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။
အောက်တိုဘာလ ၂၇ ရက်နေ့သည် သူမ၏ ပထမအကြိမ်ရုံးချိန်းဖြစ်၍ ကြားနာမှုအတွင်း၌ အီလက်ထရောနစ်ဥပဒေ ၃၄/ဃ မှ ဆက်သွယ်ရေးဥပဒေ ၆၆/ဃ သို့ပြောင်းလဲ တရားစွဲဆိုခဲ့ပြီး တရားလို ဒုဗိုလ်မှူးကြီး ကျော်ထင်သည် ကာကွယ်ရေးဦးစီးချုပ်အား အသရေဖျက်သည့်အတွက် သူမကို ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရ အရေးယူပေးရန် အဆိုပြုခဲ့သောကြောင့် တရားရုံးမှ ထိုအဆိုပြုချက်အား လက်ခံခဲ့သည်။ သူမသည် ယခုလက်ရှိတွင် မအူပင်ထောင်၌ ထိန်းသိမ်းခံထားရပြီး နိုဝင်ဘာလ ၉ ရက်နေ့တွင် ပြုလုပ်မည့် သူမ၏ နောက်တစ်ကြိမ် ရုံးချိန်း အတွက် စောင့်ဆိုင်းလျက်သည်။
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ လွတ်လပ်သောအာရှအသံ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ အီလဲဗင်း
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ ဒီဗွီဘီ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ ဗားမားနက်
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်၊ ဧရာဝတီ

**ထိန်းသိမ်းခံထားရသော ကချင်အမျိုးသား၏ ရုပ်အလောင်းကို တွေ့ရှိပြီးနောက် စစ်တပ်အား စုံစမ်း စစ်ဆေးခြင်း**

ကချင် လွတ်မြောက်ရေး တပ်မတော်နှင့် ဆက်နွယ်သည်ဟူသော သံသယဖြင့် ဇွန်လ ၁၉ ရက်နေ့တွင် အမှတ် ၂၅၀ ခြေလျင်တပ်ရင်းမှ ဖမ်းဆီးခဲ့သော ကချင်အမျိုးသား ဦးအုန်ဆောင်းတူးဂျာ၏ သေဆုံးမှုအတွက် စစ်တပ်တွင် တာဝန်ရှိပြီး သူ၏ ရုပ်အလောင်းအား ပြန်ပေးသင့်သည်ဟု သူ၏ မိသားစုမှ အခိုင်အမာ တောင်းဆို စွပ်စွဲခဲ့သည့် လအနည်းငယ်ကြာပြီးနောက် သူ၏ရုပ်အလောင်းအား ဖားကန့်မြို့နယ်၊ ကာမိုင်းစစ်တပ် (မြန်မာ့အသံကုန်း) အတွင်းတွင် တူးဖော် တွေ့ရှိခဲ့သည်။
ဦးအုန်ဆောင်းတူးဂျာနှင့်အတူ ဒေသခံ သုံးဦး ဖမ်းဆီးခံခဲ့ရပြီး ထိုသုံးဦးသည် သုံးပတ်ကြာပြီးနောက် စစ်တပ်အချုပ်ခန်းတွင်းမှ ပြန်လည် လွတ်မြောက်ခဲ့သည်။ ခြေလျင်တပ်ရင်း၏ တပ်ရင်းမှူး ရဲကျော်သူအား ဒေသဆိုင်ရာ စစ်တပ်မှ စုံစမ်းစစ်ဆေးမှု စတင်ပြီးသည့်နောက်တွင် ဦးအုန်ဆောင်းတူးဂျာ၏ ရုပ်အလောင်းအား တူးဖော် တွေ့ရှိခဲ့ခြင်းဖြစ်သည်။
ဦးအုန်ဆောင်းတူးဂျာ မိသားစုသည် ရှေ့နေ ဦးဂျီမာခါး အကူအညီဖြင့် ကာမိုင်းရဲစခန်းတွင် စစ်တပ်အား ဆန့်ကျင်၍ လူသတ်မှုဖြင့် အမှုဖွင့်ခဲ့သည်။
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ ဧရာဝတီ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ မဇ္ဈိမ/မြန်မာ

# ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**မြေယာအခွင့်အရေးဆန္ဒပြသော မိကျောင်းကန်ပြည်သူ ၁၃ ဦး ပြစ်ဒဏ်ချမှမှတ်ခံရ၊ မိကျောင်းကန်ပြည်သူတစ်ဦး ဖမ်းဆီးမှုမှ တိမ်းရှောင်**

မိကျောင်းကန်မြေယာအခွင့်အရေးအတွက် ဆန္ဒပြခဲ့သည့် မိကျောင်းကန်ပြည်သူ ၁၄ ဦးသည် ရန်ကုန်မြို့ ဆူးလေဘုရားအနီးတွင်ရှိသော သပိတ်စခန်းအား ဖျက်သိမ်းရန် ငြင်းဆိုပြီးနောက် ဖေဖော်ဂါရီ ၂၆ ရက်နေ့တွင် ဖမ်းဆီး၊ တရားစွဲဆိုခံခဲ့ရသည်။ ထိုဆယ့်လေးဦးထဲမှ ဆယ့်သုံးဦးသည် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ငြိမ်း၊စု၊စီဥပဒေပုဒ်မ ၁၈ ဖြင့် အင်းစိန်ထောင်၌ ပြစ်ဒဏ်လေးလစီကျခံစေရန် အမိန့်ချမှတ်ခြင်းခံခဲ့ရပြီး ရန်ကုန်စည်ပင်သာယာရေးအက်ဥပဒေပုဒ်မ ၆၈ အရ ဆက်လက်၍ အမှုရင်ဆိုင်နေရသည်။

တစ်နှစ်နီးပါးကြာ ဖွင့်လှစ်ထားသော သပိတ်စခန်းတွင် မြေယာအခွင့်အရေးအတွက် လှုပ်ရှားဆောင်ရွက်နေသော တက်ကြွ လှုပ်ရှားသူများမှ ၎င်းတို့ ဘိုးဘွားပိုင်မြေများပြန်လည်ရရှိရန်နှင့် လျော်ကြေးများရရှိရန် တောင်းဆိုနေခဲ့ပြီး ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ထိုသပိတ်စခန်းအား ဖျက်သိမ်းရန် အကြောင်းကြားခြင်း ခံရပြီး ဆန္ဒပြသူများအားလည်း အုပ်စုခွဲရန် အမိန့်ပေး ခံခဲ့ရသည်။ ဆန္ဒပြသူများသည် ထိုသို့ဖျက်သိမ်းပေးရန် ငြင်းပယ်ခဲ့ပြီးနောက် ဖေဖော်ဂါရီလ ၂၆ ရက်နေ့နံနက်ပိုင်းတွင် သပိတ်စခန်းအား ရဲများမှ အင်အားသုံးဖယ်ရှားခဲ့သည်။ ကိုအောင်မင်းကျော်၊ ဒေါ်သန်းရွှေ၊ ဦးမျိုးချစ်၊ ဦးဘိုသိန်း၊ ဦးဝင်းရွှေ(ခ)ဦးမောင်မောင်၊ ကိုထွန်းထွန်းဝင်း၊ ဒေါ်အေးသိန်း၊ ဒေါ်စိန်ခင်၊ ဒေါ်လှရီ၊ ကိုမင်းကိုကို၊ ဒေါ်ပု၊ ဒေါ်တင်စိုး၊ ဦးသန်းစိန်၊ ဒေါ်အေးအေးမြင့်တို့သည် ငြိမ်း၊စု၊စီ ဥပဒေပုဒ်မ ၁၈၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအက်ဥပဒေပုဒ်မ ၆၈ တို့ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရသည်။

ထိုဆယ့်လေးဦးသည် အာမခံဖြင့်လွတ်မြောက်ခဲ့သော်လည်း ဦးဝင်းရွှေသည် ရုံးချိန်းသုံးခုအား တက်ရောက်ရန် ပျက်ကွက်သောကြောင့် ယခုလတွင်းတွင် ကျောက်တံတားမြို့နယ် တရားရုံးမှ ဦးဝင်းရွှေ၏ အာမခံအား ရုပ်သိမ်းခဲ့ပြီး တစ်ခြားမိကျောင်းကန်ပြည်သူ ဆယ့်သုံးဦး၏ အာမခံအားလည်း ရုပ်သိမ်းခဲ့သည်။ ကျောက်တံတားမြို့နယ် တရားသူကြီးမှ ဦးဝင်းရွှေအား ဖမ်းဝရမ်းထုတ်ခဲ့ပြီး အောက်တိုဘာလ ၂၁ ရက်နေ့တွင် ထို ၁၃ ဦးအား ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ဦးဝင်းရွှေသည် ယခုထိတိုင်အောင် တရားခံပြေးအဖြစ် ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

မိကျောင်းကန်ရပ်ကွက်တွင် နေထိုင်သူများသည် ၎င်းတို့၏ မြေများအား ၁၉၉၀ တွင် စပ်တပ်မှ သိမ်းယူပြီး ငှားရမ်းခြင်းများ အတွက်ဆန့်ကျင်ဆန္ဒပြနေခဲ့ခြင်းဖြစ်သည်။
[၂၀၁၅ ခုနှစ်၊ ဖေဖော်ဂါရီလ ၂၇ ရက်၊ ဧရာဝတီ]
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ]

**တက်ကြွလှုပ်ရှားသူငါးဦး ထောင်ဒဏ်ငါးလနှင့် ဒဏ်ငွေတစ်ထောင်ကျပ်စီချမှတ်ခံရ**

ကိုချိုလွင်၊ ကိုဝင်းရွှေ၊ မောင်မျိုး၊ ဒေါ်လှလှရီတို့သည် ဒီရေတောအပင် ၅၀၀၀ အားဖျက်ဆီးခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ဒေးဒရဲမြို့နယ် သစ်တောဦးစီးဌာနမှ ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုပုဒ်မ ၆/၁ဖြင့် တရားစွဲဆိုခဲ့ပြီး ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့ နယ်တရားရုံးမှ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ထောင်ဒဏ် ငါးလနှင့် ငွေဒဏ် ၁၀၀၀ ကျပ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ပြစ်ဒဏ်ချမှတ်ခံရသူများသည် ထိုအမှုနှင့်ပက်သက်၍ မည်သို့မျှမလုပ်ခဲ့ကြောင်း၊ ဒီရေတောအပင်များသည် ပင်လယ်ရေလွှမ်းမိုးခြင်းကြောင့် ပျက်စီးသွားခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ကိုချိုလွင်၊ ကိုဝင်းရွှေ၊ ဒေါ်လှလှရီတို့သည် ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် ဖျာပုံထောင်သို့ ချက်ချင်းလွှဲပြောင်းခြင်းခံခဲ့ရပြီး ဦးထွန်းထွန်းဦးနှင့် မောင်မျိုးတို့သည် ထောင်တွင်းမှ အမှုရင်ဆိုင်သောကြောင့် ချုပ်ရက်ပြည့်ဖြင့် ပြန်လည်လွတ်မြောက်ခဲ့သည်။ ထိုငါးဦးလုံးသည် ပြစ်ဒဏ်များအတွက် အယူခံဝင်မည်ဖြစ်ပြီး သစ်တောဦးစီးဌာနကိုလည်း ပြန်လည်၍တရား စွဲဆိုမည်ဖြစ်သည်။
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ ဧရာဝတီ]
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ ဧရာဝတီ/မြန်မာ]

**ရတနာပုံတက္ကသိုလ်ကျောင်းသား လေးဦး ထောင်ဒဏ်ချမှတ်ခံရ**

ဇွန်လ ၂၆ ရက်နေ့တွင် ရတနာပုံ တက္ကသိုလ် မုခ်ဦးနံရံနှင့် မုခ်ဦးရှေ့တွင် အမျိုးသားပညာရေးဥပဒေကို ကန့်ကွက်ကြောင်း စာများရေးသားခဲ့ကြသော မန္တလေး ရတနာပုံတက္ကသိုလ် ကျောင်းသားများဖြစ်ကြသည့် ကိုနိုင်ရဲဝေ၊ ကိုအောင်ဆန်းဦး၊ ကိုဂျစ်တူးနှင့် ကိုဉာဏ်လင်းထက်တို့သည် ဇူလိုင်လ ၁ ရက်နေ့တွင် ဖမ်းဆီးခံရပြီး အောက်တိုဘာလ ၉ ရက်နေ့တွင် ၎င်းတို့အား မန္တလေး အမရပူရမြို့နယ် တရားရုံးမှ အပြစ်ရှိကြောင်း တွေ့ရှိ၍ ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။ ၎င်းတို့သည် ငြိမ်း၊စု၊စီ ဥပဒေပုဒ်မ ၁၈ အရ ထောင်ဒဏ် ၃ လစီ၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၄၃ အရ ထောင် ဒဏ် ၃ လစီ၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅/ခ အရ ထောင်ဒဏ် ၆ လစီ ကျခံရမည်ဖြစ်ပြီး စုစုပေါင်း ထောင်ဒဏ် ၁၂ လ ကျခံရ မည်ဖြစ်သည်။ ကိုနိုင်ရဲဝေသည် ဖေဖော်ဂါရီလတွင်း ဆန္ဒပြခဲ့ခြင်းအတွက် ငြိမ်း၊စု၊စီဥပဒေဖြင့်ပင် နောက်ထပ် ထောင်ဒဏ် သုံးလ ကျခံရမည်ဖြစ်သော်လည်း ပြစ်ဒဏ်များအားလုံး တပေါင်း တည်းကျခံရမည်ဖြစ်၍ ပြစ်ဒဏ် ၁၂ လမှ ခြောက်လ ထိ လျှော့ပေါ့ကျခံရမည်ဖြစ်သည်။ ချုပ်ရက် သုံးလကိုပါ ထုတ်နှုတ်ခံစားရ မည်ဖြစ်သောကြောင့် ကိုအောင်ဆန်းဦး၊ ကိုဂျစ်တူးနှင့် ကိုဉာဏ်လင်းထက်တို့သည် ထောင်ဒဏ် သုံးလ ကျခံရမည်ဖြစ်ပြီး ကိုနိုင်ရဲဝေသည် ထောက်ဒဏ် ခြောက်လ ကျခံရမည်ဖြစ်သည်။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့သဖြင့် ကျောင်းသားများ စာမေးပွဲဖြေဆို ခွင့်ရရှိရန် လျှောက်ထားခဲ့ခြင်းအား ပယ်ချခဲ့သော တရားရုံးကို ရှုံ့ချခဲ့သောကြောင့် ယခုကဲ့သို့ ပြစ်ဒဏ် လျှော့ပေါ့ကျ ခံရခြင်းဖြစ်သည်ဟု သုံးသပ်မှုပြောဆိုမှုများရှိနေသည်။

ယခုလက်ရှိတွင် ၎င်းတို့သည် အိုးဘိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေ

ရသည်။ စစ်တစ်ပိုင်း အစိုးရရှိနေသရွေ့ ထိုကဲ့သို့တရားစွဲဆိုမှုများ ထပ်ပံပေါ် ပေါက်လာမည်ဖြစ်၍ ကျောင်းသားများအနေဖြင့် အယူခံဝင် မည် မဟုတ်ပါ။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ ဧရာဝတီ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ လွတ်လပ်သော အာရှ အသံ/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ The Voice/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်၊ အီလဲဗင်း

**NLD အဖွဲ့ဝင်တစ်ဦး ခုနှစ်ရက် ပြစ်ဒဏ်ချမှတ်ခံရ**

မြောက်ဥက္ကလာပမြို့နယ်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် မအိအား ခွင့်ပြုချက် မရှိပဲ စုဝေးမှု ဥပဒေပုဒ်မ ၁၉ ဖြင့် မြောက်ဥက္က လာပ မြို့နယ် တရားရုံးမှ အောက်တိုဘာလ ၉ ရက်နေ့တွင် ထောင်ဒဏ် ၇ ရက် ချမှတ်ခဲ့ပြီး အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြန်လည် လွတ်မြောက်ခဲ့သည်။

မအိသည် မြောက်ဥက္ကလာပမြို့နယ်ရှိ ပြည်သူပိုင်ချောင်းအား စီးပွားရေးလုပ်ငန်းတွင် အသုံးပြုနေခြင်းအတွက် ကန့်ကွက်ဆန္ဒပြရန် ခွင့်ပြုချက်ရရှိခဲ့သော်လည်း ခွင့်ပြုသည့်နေရာတွင် ဆန္ဒပြရမည့်အစား ထိုချောင်းရှေ့တွင် စုဝေးဆန္ဒပြခြင်းကြောင့် ဖမ်းဆီးခံခဲ့ရပြီး ပြစ်ဒဏ် ချမှတ်ခံရခြင်းဖြစ်သည်။
(Source AAPP)

# ထောင်တွင်း အခြေအနေများ

## တက်ကြွလှုပ်ရှားသူတစ်ဦး အစိုးရသက်သေ တရားရုံးသို့ လာရောက်ရန် ပျက်ကွက်ခြင်းကြောင့် ထောင်ထဲတွင် ဆယ့်လေးလ ထိန်းသိမ်းခံနေရ

ထင်ရှားသော တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် ဦးဇော်ဝင်းသည် မွန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ်တွင် မေလ ၂၀၁၄ ခုနစ်က တစ်ကိုယ်တော် ဆန္ဒပြခြင်းအတွက် ဖမ်းဆီးခံခဲ့ရပြီး ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅/ခ၊ ၁၄၇၊ ၁၀၉ တို့ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ အစိုးရသက်သေ၏ တရားရုံးသို့ တက်ရောက်ရန် ဆက်လက် ပျက်ကွက်ခဲ့ခြင်းကြောင့် သူသည် အိုးဘိုထောင်ထဲတွင် ဆယ့်လေးလ ထိန်းသိမ်းခံနေရသည်။

အောက်တိုဘာ ၁၆ ရက်နေ့တွင် ဦးဇော်ဝင်းသည် သူ၏ကျန်းမာရေးအခြေအနေ နှင့် ပက်သက်၍ တရားရုံးသို့ အယူခံတင်သွင်းခဲ့ပြီး အစိုးရသက်သေသည်လည်း နောက်တကြိမ်ကြားနာမှုတွင် တရားရုံးသို့လာရောက်ရန် သမ္မန်စာ ပေးပို့ခြင်း ခံခဲ့ရသည်။ ဦးဇော်ဂင်းသည် ခါးနာဝေဒနာခံစားနေရပြီး ဆေးကုသမှုမရရှိကြောင်း စောဒက တက်ပြောကြားခဲ့သည်။

[၂၀၁၅ ခုနစ်၊ အောက်တိုဘာလ ၂၀ ရက်၊ မြန်မာတိုင်း](https://www.mmtimes.com)

## ထိန်းသိမ်းခံထားရသော လက်ပံတန်း ဆန္ဒပြကျောင်းသားများ မဲပေးနိုင်

ပညာရေးဥပဒေကြမ်းအား ဆန္ဒပြမှုတွင် ပူးပေါင်းပါဝင်ခြင်းအတွက် မတ်လတွင်းတွင် ထိန်းသိမ်းခံခဲ့ရသော ကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူများသည် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရရှိခဲ့သည်။ ကျောင်းသားတစ်ချို့သည် ၎င်းတို့၏မဲများကို မသမာမှုများလုပ်လိမ့်မည်ဟု အခိုင်အမာယုံကြည်ကြပြီး တစ်ချို့သည် ၂၀၀၈ ဖွဲ့စည်းပုံအရ ၎င်းတို့၏ မဲများသည် စစ်မှန်သော ပြောင်းလဲမှုကို မဖော်ဆောင်နိုင်ဟု ယုံကြည်ကြသည်။

၂၀၁၅ ခုနစ်၊ အောက်တိုဘာလ ၁၄ ရက်၊ ဧရာဝတီ

## လက်ပံတန်း ဆန္ဒပြကျောင်းသားများ ကျန်းမာရေးချို့တဲ့

မတ်လ ၁၀ ရက်နေ့တွင် လက်ပံတန်း ဆန္ဒပြပွဲ၌ ဖမ်းဆီးခံရပြီး ထိန်းသိမ်းထားခြင်းခံရသော ကျောင်းသားများ၏ ကျန်းမာရေး အခြေအနေသည် ဆိုးရွားလျက်ရှိသည်ဟု သိရှိရသည်။ ကျောင်းသားတစ်ချို့သည် ဖြိုခွင်းမှုအတွင်း ခေါင်းများအား တုတ်ဖြင့် အရိုက်ခံရခြင်းကြောင့် မူးမေ့လဲကျခြင်း၊ တစ်ချို့သည် အာရုံကြောညှပ်သည့် ဒဏ်ရာများ ရရှိခြင်း၊ အကြားအာရုံဆုံးရှုံးခြင်းနှင့် အိပ်မပျော်ခြင်းစသည့် ရောဂါများ ခံစား နေရသည်ဟု စောဒကတက်ပြောကြားခဲ့သည်။ ၎င်းတို့သည် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ကုသခွင့်မရပဲ ၎င်းတို့၏ ဒဏ်ရာများအတွက် သာမန် ဆေးဝါးများသာ ရရှိခဲ့သည်။ လက်ပံတန်းဆန္ဒပြပွဲတွင် ၁၂၇ ဦး ဖမ်းဆီးခံခဲ့ရပြီး ၆၁ ဦးသည် ထိန်းသိမ်းခံနေရဆဲဖြစ်သည်။

၂၀၁၅ ခုနစ်၊ အောက်တိုဘာလ ၁၂ ရက်၊ ဧရာဝတီ

## ထိန်းသိမ်းခံထားရသော ဆန္ဒပြကျောင်းသားများ ထောင်ဒဏ်နှစ်လစီ ပြစ်ဒဏ်ချမှတ်ခံရ

လက်ပံတန်းမြို့နယ်၊ အမျိုးသားပညာရေးဥပဒေကြမ်းပြင်ဆင်ရေး ဆန္ဒပြပွဲ၌ ပါဂင်ခြင်းအတွက် သာယာဝတီအကျဉ်းထောင် အတွင်းတွင် အမှုရင်ဆိုင်နေရသော ကျောင်းသားခုနစ်ဦးဖြစ်သည့် ကိုအောင်မြင့်ဟန်၊ ကိုရန်ပိုင်စိုး၊ ကိုသန်းထိုက်၊ ကိုခန့်အောင်၊ ကိုကျော်စွာလင်း၊ ကိုကျော်ကျော်ထွန်းနှင့် ကိုဟိန်းဇော်လင်းတို့သည် ဖွန်လ ၃၀ ရက်နေ့တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးများကို ထောင်တွင်းသို့ သွင်းခဲ့ခြင်းအတွက် ဖွန်လ ၃၀ ရက်နေ့မှ ဇူလိုင်လ ၁၃ ရက်နေ့ထိ တိုက်ပိတ်ပြစ်ဒဏ်ကျ ခံခဲ့ရပြီး ဇူလိုင်လ ၁၆ ရက်နေ့တွင် သာယာဝတီထောင်ကြီးကြပ်ရေးမှူး ဦးနန်းအောင်ကျော်က အကျဉ်းထောင်အက်ဥပဒေ ပုဒ်မ ၄၂ ဖြင့် တရားစွဲဆိုခဲ့သည်။ ထိုကျောင်းသား ငါးဦးကို အောက်တိုဘာလ ၁၅ ရက်နေ့တွင် သာယာဂတီမြို့နယ်တရားရုံးမှ ထောင်ဒဏ်နှစ်လစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သော်လည်း အမှုရင်ဆိုင်နေစဉ်အတွင်း ပြစ်ဒဏ်များကို ချုပ်ရက်မှ ထုတ်နုတ်ခံစားခွင့်ပြုသောကြောင့် ပြစ်ဒဏ်မှ လွတ်မြောက်ခဲ့သည်။ ၎င်းတို့သည် အမျိုးသား ပညာရေး ဥပဒေမူကြမ်း ဆန္ဒပြပွဲနှင့် စပ်လျဉ်း၍ သာယာဂတီ ထောင်တွင်းတွင် ထိန်းသိမ်း ခံထား ရဆဲဖြစ်ပြီး အမှုရင်ဆိုင်နေရဆဲဖြစ်သည်။

၂၀၁၅ ခုနစ်၊ အောက်တိုဘာလ ၁၅ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၅ ခုနစ်၊ အောက်တိုဘာလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

## နိုင်ငံရေး လှုပ်ရှားသူ ကိုနေမျိုးဇင်အား တရားရုံးမှ အပြစ်မရှိကြောင်း အမိန့်ချ

မဟာဗန္ဓုလပန်းခြံတွင်း ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံပါ ဗွီနိုင်းတစ်ခုအား ကိုင်ဆောင်ပြီး လွတ်လပ်ရေးကြေငြာစာတမ်း ဖတ်ပြခဲ့၍ ငြိမ်းစု၊စီဥပဒေ ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံရပြီး အမှုရင်ဆိုင်နေရသော မြန်မာ့ လူမှုဘဝ တိုးတက်ရေး ကွန်ယက်မှ ဗိုလ်ကြီးဟောင်း နေမျိုးဇင်အား ကျောက်တံတားမြို့နယ်တရားရုံး တရားသူကြီးမှ ငြိမ်းစုစီဥပဒေပုဒ်မ ၁၈ အား ကျူးလွန်ကြောင်း မပေါ်ပေါက်ခြင်း၊ တရားလိုနှင့် တရားလိုပြ သက်သေများက ကျူးလွန်ကြောင်း အထောက်အထားများနှင့် ပြန်လည်ချေပ နိုင်ခြင်းမရှိသည့်အတွက် အပြစ်မရှိကြောင်း အမိန့်ချမှတ်ခဲ့သည်။

ကိုနေမျိုးဇင်သည် ၂၀၁၄ ခုနစ်တွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဆန္ဒပြပွဲတွင် ပူးပေါင်းပါဂင်ခြင်းအတွက် ထောင် ဒဏ် ငါးနှစ်ကျခံနေရဆဲဖြစ်ပြီး အင်းစိန်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသည်။

၂၀၁၅ ခုနစ်၊ အောက်တိုဘာလ ၁၂ ရက်၊ အီလဲဗင်း/မြန်မာ

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် တောင်းဆိုချက်များ လိုက်လျောခြင်းမရှိသည့်အတွက် ကျောင်းသားများ လှုပ်ရှားမှုများပြုလုပ်**

အမျိုးသားပညာရေးဥပဒေကြမ်းအား ဆန့်ကျင် ဆန္ဒပြ၍ မတ်လ ၁၀ ရက်နေ့တွင် ဖမ်းဆီးခံရပြီး သာယာဝတီထောင်တွင် ထိန်းသိမ်း ခံထားရသော ကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူများ၏ အကြိမ် ၂၀ မြောက် တရားရုံးချိန်းကို အောက်တိုဘာလ ၆ ရက်နေ့တွင် စတင်ခဲ့သည်။

ကြားနာမှုတွင်း ကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူများသည် ဗိုနိုင်းကိုင်ဆောင်ကာ အောက်တိုဘာလ ၁၅ ရက်နေ့မတိုင်မီ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုအောင်မှိုင်းဆန်းသည် ကြားနာမှုပြီးနောက် ထိုတောင်းဆိုမှုအား မလိုက်လျောပါက အစာငတ်ခံဆန္ဒပြမည်ဟု သမ္မတထံသို့ စာတစ်စောင်ပေးပို့ခဲ့သည်။

အောက်တိုဘာ ၁၅ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးခြင်း မရှိသောကြောင့် ကိုအောင်မှိုင်းဆန်းသည် အောက်တိုဘာ ၂၃ ရက်နေ့တွင် စတင်၍ အစာငတ်ခံ ဆန္ဒပြခဲ့ပြီး မန္တလေးမြို့ရှိ ဗမာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအဖွဲ့ဝင်များသည် နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဆက်လက်တောင်းဆိုရန်၊ ကိုအောင်မှိုင်းဆန်း အစာငတ်ခံဆန္ဒပြခြင်းနှင့် ပတ်သက်၍ အသိပညာ ပေးခြင်း မြှင့်တင်ရန် လျင်မြန်စွာ စုဝေးခဲ့ကြသည်။

ကိုအောင်မှိုင်းဆန်း၏ လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် ကိုသန်းထိုက်၊ ကိုမျိုးထက်ပိုင်၊ ကိုမျိုးမြတ်စံတို့သည် အစာငတ်ခံဆန္ဒပြမှုတွင် ပူးပေါင်းပါဝင်ခဲ့ပြီး ကျောင်းသားနှင့် ဝန်းရံသူရှစ်ဦးသည် တရားရေးစနစ်အား မယုံကြည်ကြောင်း ဖော်ပြသည့်အနေဖြင့် လက်ပံတန်းအမှုကိစ္စအတွက် ၎င်းတို့ဘက်မှ လိုက်ပါဆောင်ရွက်ပေးနေသော ရှေ့နေများထံမှ ကိုယ်စား လှယ်လွှဲစာအား ရုပ်သိမ်းခဲ့သည်။

ကိုအောင်မှိုင်းဆန်း၏ ကိုယ်အလေးချိန်သည် အစာငတ်ခံဆန္ဒပြသည့် ငါးရက်မြောက်တွင်း ကျဆင်းလျက်ရှိနေပြီး သူ၏သွေးအတွင်း သကြားဓာတ်ပါဝင်မှုသည်လည်း အန္တရာယ်ရှိသောအဆင့်ထိ တစ်စ တစ်စ ကျဆင်းခဲ့သည်။ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကိုအောင်မှိုင်းဆန်းသည် ထောင်ဆေးရုံသို့လွှဲပြောင်းခံရ၍ သူ၏ဆန္ဒမပါပဲ အကြောဆေးသွင်းခြင်း ခံခဲ့ရပြီး ဆေးရုံမှ အမှုရင်ဆိုင်ရန် တရားရုံးသို့ တိုက်ရိုက် ခေါ်ဆောင် သွားခြင်းခံခဲ့ရသည်။ သာယာဝတီထောင်တွင် ကိုအောင်မှိုင်းအား တစ်ခြား နိုင်ငံရေးအကျဉ်းသားများနှင့် သီးခြားထားရှိပြီး ထောင်အာဏာ ပိုင် များနှင့် ဆေးဘက်ဆိုင်ရာဆရာဝန်များမှ အနီးကပ်စောင့်ကြည့် လျက်ရှိ သည်။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဖိုရမ်(HRDF)သည် ရွေးကောက်ပွဲသို့ဦးတည်နေချိန် နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ် ပေးရန်၊ ဆန္ဒပြသူများ လွတ်လပ်စွာ သတင်းအချက် နှင့် ကျန်းမာရေး စောင့်ရှောက်မှုရရှိရန် တောင်းဆိုသည့် ကိုအောင်မှိုင်းဆန်း၏ တောင်း ဆိုချက်များကို ထောက်ခံကြိုဆိုခဲ့သည်။

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်၊ အီလဲဗင်း/မြန်မာ]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ အီလဲဗင်း]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ ဧရာဝတီ]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ မြန်မာတိုင်း]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်၊ The Nation]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ အီလဲဗင်း]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ မဇ္ဈိမ]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်၊ ဧရာဝတီ]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ အီလဲဗင်း]

**လမ်းလျှောက်ချီတက်ဆန္ဒပြခြင်းအတွက် တိုင်းရင်းသားငါးဦး တရားစွဲခံရပြီး ဒဏ်ငွေချမှတ်ခံရ**

စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန်၊ စစ်ပွဲများအဆုံးသတ်ရန်၊ ယခုလက်ရှိ မတရားအသင်းဆက်နွယ်မှုပုဒ်မ ၁၇(၁) ဖြင့် အမှုရင်ဆိုင်နေရသော ၈၈ ကရင်မျိုးဆက်ကျောင်းသားအစည်းအရုံးဥက္ကဋ္ဌစောမောင်ကြီး အပါအဝင် နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ်ပေးရန် အောက်တိုဘာလ ၁၇ ရက်နေ့ တွင် ရန်ကုန်တိုင်းဒေသကြီးမှ နေပြည်တော်သို့ စတင်ချီတက်ခဲ့ကြ သော ၈၈ ကရင်မျိုးဆက်ကျောင်းသားအစည်းအရုံး အဖွဲ့ဝင်များနှင့်ဝန်းရံသူများ ဖြစ်ကြသည့် ဒေါ်နန်းမေခမ်း၊ မနန်းမေရီ၊ စောမျိုးဆိုင်း၊ စောအထွန်း၊ စောဒေဝတို့အား ပဲခူးတိုင်း အင်းတကော်မြို့အရောက်တွင် သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှတားဆီး ကာ ခွင့်ပြုချက်မရှိသောကြောင့် ငြိမ်း၊စု၊စီဥပဒပုဒ်မ ၁၈ ဖြင့် ပဲခူးမြို့နယ်တရားရုံး၌ တရားစွဲဆိုခဲ့ပြီး အောက်တိုဘာလ ၂၀ ရက်နေ့တွင် ပဲခူးမြို့နယ်တရားရုံးမှ ၎င်းတို့ငါးဦးအား ဒဏ်ငွေ တစ်သောင်းကျပ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ တိုင်းရင်း သားငါးဦးသည် ထိုသို့ ပြစ်ဒဏ်ချမှတ် ခံခဲ့ရသော်လည်း ၎င်းတို့ ရည်ရွယ်ချက်အတိုင်း နေပြည်တော်အထိ လမ်းဆက်လျှောက်သွားမည်ဖြစ်သည်။

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ မဇ္ဈိမ/မြန်မာ]

[ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ အီလဲဗင်း/မြန်မာ]

**Facebook တွင် ဒေါ်အောင်ဆန်းစုကြည်ကို အသရေဖျက်သည့် ပြည်ထောင် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့ဝင် တရားစွဲခံရ**

ကန်ကြီးထောင့်မြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းထွန်းသည် စက်တင်ဘာလ ၂ ရက်နေ့တွင် Thu Thu အမည်ရှိ သူ၏ Facebook စာမျက်နှာတွင် အဝတ်မဲ့ ခန္ဓာကိုယ်တခုပေါ်၌ ဒေါ်အောင်ဆန်းစုကြည်၏ဦးခေါင်းကို ဖြတ်ညှပ်ကပ်လုပ်ထားသောပုံကို တင်ခဲ့သောကြောင့် Hand to Hand အခမဲ့ပညာဒါန ကွန်ရက်မှ ကိုစည်သူအောင်သည် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ၎င်းအား အမှုဖွင့်တိုင်ကြားခဲ့သည်။ ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်ရဲစခန်းမှ ထိုအမှုအားလက်ခံခဲ့ပြီး အောက်တိုဘာ ၂၀ ရက်နေ့တွင် ဦးသန်းထွန်းအား အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် ဖမ်းဆီး တရားစွဲဆိုခဲ့သည်။ ထိုပုဒ်မသည် အသရေဖျက်ခြင်းဖြင့် အပြစ်ရှိပါက ထောင်ဒဏ်သုံးနှစ်အထိ ကျခံရနိုင်သည်။

ကနဦးတွင် ကိုစည်သူအောင်သည် ထိုကိစ္စအား မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေး ကော်မတီကို တင်ပြခဲ့သည်။ ထိုကော်မတီသည် ကိုစည်သူအောင်နှင့် စွပ်စွဲခံရသူ ဦးသန်းထွန်းတို့ကြား သဘောတူညီမှုတစ်ခု ရရှိရန် ကြားဝင်စေ့စပ်ညှိနှိုင်းပေးခဲ့ပြီး ဦးသန်းထွန်းသည် တရားဝင်တောင်းပန်မှုပြု

လုပ်မည်ဟု သဘောတူညီခဲ့သော်လည်း နောက်ပိုင်းတွင် မီဒီယာများရှေ့၌ ထိုကဲ့သို့ ပြုလုပ်ရန် ငြင်းဆိုခဲ့သည်။
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်၊ ဧရာဝတီ
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ ဧရာဝတီ

**Facebook ပေါ်တွင် စစ်တပ်အားဆန့်ကျင်ခဲ့ခြင်းကြောင့် ကိုလူဇော်စိုးဝင်း အသရေဖျက်မှုဖြင့် တရားစွဲဆိုခံရ၊ သက်သေ အထောက်အထား မခိုင်လုံသဖြင့် ပြန်လွှတ်**

Facebook သုံးစွဲသူ ကိုလူဇော်စိုးဝင်းသည် အစိုးရအရာရှိဟောင်းများ နှင့် အစိုးရအရာရှိများကို ဆဲဆိုသည်ဟူသော စွပ်စွဲချက်ဖြင့် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဒေါပုံရဲစခန်းမှ ဖမ်းဆီးခဲ့ပြီး ဆက်သွယ်ရေးပုဒ်မ ၆၆/ဃ ဖြင့် တရားစွဲဆိုခြင်းခံရသည်။ ကိုလူဇော်စိုးဝင်းသည် သူ၏ မှတ်ပုံတင် ဓာတ်ပုံကို သုံးစွဲထားသည့် Zaw Htoo Mg အမည်နှင့် ဖေ့ဘုတ်အကောင့်တုတစ်ခုမှ အစိုးရအရာရှိများ ကို ဆဲဆိုထားသည်ကို တွေ့ရှိရသည့်အတွက် သူအဖမ်းမခံရမီ နှစ်ရက်အလို၌ ဒေါပုံရဲစခန်းသို့ အသိပေး အကြောင်းကြားခဲ့သည်။ ကိုလူဇော်စိုးဝင်းသည် သူ၏မှတ်ပုံတင်ဓာတ်ပုံအား သူ၏ Facebook စာမျက်နှာတွင် ယခင်က တင်ထားခဲ့သည်။

ကိုလူဇော်စိုးဝင်း အပြစ်ရှိကြောင်းကို ခိုင်လုံသောသက်သေပြနိုင်ခြင်း မရှိသောကြောင့် ဒေါပုံမြို့နယ်တရားရုံးမှ အောက်တိုဘာလ ၃၀ ရက်နေ့တွင် သူ့အား လွှတ်ပေးခဲ့သည်။
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ မြန်မာတိုင်း
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ ဧရာဝတီ/မြန်မာ

**မုံရွာမြို့အနေးယာဉ်လုပ်သားများ NLD ပါတီထောက်ခံပွဲပြုလုပ်ရာတွင် ဦးဆောင်သည်ဟု စွပ်စွဲကာ လေးဦး ငြိမ်း၊စု၊စီဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံရ**

စစ်ကိုင်းတိုင်း၊ မုံရွာမြို့ရှိ အနေးယာဉ် ဆိုက္ကားလုပ်သား ၂၀၀ နီးပါးက အောက်တိုဘာ ၁၀ ရက်နေ့တွင် ခွင့်ပြုချက်မရှိပဲ NLD ပါတီ ထောက်ခံပွဲ အား ဆိုက္ကားများဖြင့် မုံရွာမြို့ပေါ်ရှိ အထင်ကရလမ်းမကြီးများ တစ်လျှောက်တွင် "NLD ပါတီကို မဲပေးကြပါစို့" ဟူသည့် စာတမ်းပါ တီရှပ်များဝတ်ဆင်၍ NLD အလံများသယ်ဆောင်ကာ လမ်းမကြီးတစ် လျှောက် လှည့်လည်ခဲ့မှုတွင် ဦးစီးဦးဆောင် ပြုလုပ်ခဲ့သည်ဟုဆိုကာ အလွတ်တန်း ဓာတ်ပုံသတင်းထောက် ကိုအောင်နေမျိုး၊ ကိုနေသီဟ (ခ) ကိုမှတ်ကြီး (မုံရွာမြို့နယ် NLD ပါတီ သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ)၊ ကိုမျိုးသီဟ (မုံရွာခရိုင် ဗကသဥက္ကဋ္ဌ) နှင့် ကိုကွန့်ကျော် (မုံရွာတက္ကသိုလ် ကျောင်းသားများသမဂ္ဂ ဒုဥက္ကဋ္ဌ) တို့အား ငြိမ်း၊စု၊စီ ဥပဒေပုဒ်မ (၁၈) ဖြင့် မုံရွာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်မင်းမှ အောက်တိုဘာလ ၁၁ ရက်နေ့တွင် တရားစွဲဆိုခဲ့သည်။

ကိုအောင်နေမျိုးသည် ၎င်းတို့လေးဦးမှ ထိုထောက်ခံပွဲအား စီစဉ်ခဲ့ခြင်း မရှိသော်လည်း တောင်းခံချက်အရ အနေးယာဉ်လုပ်သားများကို မဲဆွယ် စည်းရုံးရေးပစ္စည်းများထောက်ပံ့ပေးခဲ့ခြင်းဖြစ်ဟု ထုတ်ဖော်ပြောဆိုခဲ့ သည်။ NLD ပါတီမှ ထိုထောက်ခံပွဲအား စီစဉ်ခဲ့ခြင်းမရှိ ကြောင်းရဲများမှ မှတ်ချက်ပြုခဲ့သည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ ဧရာဝတီ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂၊ အီလဲဗင်း/မြန်မာ

**ဖမ်းဆီးခံဆန္ဒပြသူများလွှတ်ပေးရေးအတွက် ဦးဆောင်တောင်းဆိုသော ကျောင်းသားနှစ်ဦး ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံရ**
မတ်လတွင်း အမျိုးပညာရေး ဥပဒေပြင်ဆင်ရေးအတွက် တောင်းဆို ဆန္ဒပြ၍ အကြမ်းဖက်ဖမ်းဆီးခံရပြီး ထိန်းသိမ်းထားခြင်းခံရသော သပိတ်မှောက် ကျောင်းသားများနှင့် ဝန်းရံသူများ လွှတ်ပေးရေး ဦးဆောင် တောင်းဆိုခဲ့သည့် မုံရွာခရိုင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂအဖွဲ့ဝင်နှစ်ဦးဖြစ်သည့်မှုန်ကြီး (ခ) ဖြိုးဇော်ဦး နှင့် မျိုးသက်နိုင်(ခ)လင်းထက်ပိုင် (ခ) မျက်ပြူးတို့သည် ခွင့်ပြု ချက်မရှိပဲ မုံရွာခရိုင် ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် စတင်စုဝေးကာ အောက်တို ဘာလ ၁၀ ရက်နေ့ နံနက် တွင် ဆန္ဒပြခဲ့သည်ဆိုကာ ထိုနေ့ညနေ၌ မုံရွာမြို့နယ် ရဲတပ်ဖွဲ့မှူးစိန်မင်းက ငြိမ်း၊စု၊စီဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခဲ့သည်။

ထိုဆန္ဒပြပွဲအား ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ အဖွဲ့ဝင် ၃၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး မတရား အကြမ်း ဖက်ဖမ်းဆီးခံရမှု ခုနစ်လပြည့်စာတန်းပါ ပိုစတာကိုကိုင်ဆောင်၍ ဒီမိုကရေစီ ပညာရေးရရှိရေး၊ ကျောင်းသားပြည်သူအခြေ မခံသော အမျိုးသားပညာရေး ဥပဒေ အလိုမရှိ၊ ဖမ်းဆီးခံကျောင်းသားများ ချက်ချင်းလွှတ် စသည့်ကြွေးကြော်သံများဖြင့် ဗိုလ်ချုပ်လမ်း၊ ကျောက္ကာလမ်း၊ ပေ ၈၀ လမ်း၊ သာစည်လမ်းတို့တွင် စီတန်းလှည့်လည်ခဲ့ကြသည်။
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ 7 Day Daily

**သမ္မတအား ဆန့်ကျင်တိုက်ခိုက်သော ကဗျာရေးသားဖြန့်ဝေခြင်းကြောင့် ကဗျာဆရာတစ်ဦး ပုန်းရှောင်နေ**

ရွှေပြည်သာမြို့နယ်တွင် နေထိုင်သော ကဗျာချစ်သူများအသင်း၏ တာဝန်ခံ၊ မဲပေးမှုအသိပညာပေးခြင်း ဆောင်ရွက်နေသည့် Independent Youth for Change အဖွဲ့အစည်း၏ ဦးဆောင်သူတစ်ဦးဖြစ်သည့်ပြင် လက်ပံတန်းတွင် ကျောင်းသားများ အကြမ်းဖက်မှုဖြစ်စဉ်နှင့် ပက်သက်ပြီး လက်ပတ်ဖြူ လှုပ်ရှားမှု ပြုလုပ်ရာတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည့် တက်ကြွလှုပ်ရှားသူ လူငယ်ကဗျာဆရာ မောင်ဆောင်းခသည် 'ငါ့ရဲ့ -- မှာ သမ္မတကြီးပုံ တက်တူးနဲ့' စာသားပါဝင်သော ကဗျာအားသူ၏ Facebook စာမျက်နှာ၌ အောက်တိုဘာ ၈ ရက်နေ့တွင် ရေးသားဖော်ပြခဲ့ခြင်းကြောင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆/ဃဖြင့် တရားစွဲ ဆိုခဲ့ရပြီးနောက်တွင် အာဏာပိုင်များကို တိမ်းရှောင်နေခဲ့သည်။ ကိုဆောင်းခမှ သူ၏ကဗျာသည် သမ္မတအပေါ် တိုက်ရိုက် စော်ကားခြင်းမဟုတ်ဟုဆိုသော် လည်း ယေဘုယျအားဖြင့် ဆိုးရွားသော အာဏာရှင်များအပေါ် ဝေဖန်သုံးသပ် ထားခြင်း ဖြစ်သည်။ သူသည် မီဒီယာလှုပ်ရှားမှုနှင့်ဆက်နွယ်၍ ယခုလတွင်း အသရေဖျက်မှုဖြင့် လေးယောက်မြောက် တရားစွဲဆိုခံ ရသူဖြစ်သည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ ဧရာဝတီ

**တိုင်းရင်းသားများ မတရားဖမ်းဆီး၊ ထိန်းသိမ်းခံရခြင်းများကို ဆန့်ကျင် ဆန္ဒထုတ်ဖော်**
မတရားအသင်း ဆက်သွယ်မှု ပုဒ်မ ၁၇(၁)အား ဖျက်သိမ်းပေးရေးနှင့် မတရား သဖြင့် ဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသားများကို အမြန်ဆုံး လွှတ်ပေး ရေးအတွက် အောက်တိုဘာလ ၇ ရက်နေ့တွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ကျိုက္ကဆံကွင်းအတွင်းရှိ ဟစ်တိုင်တွင် တိုင်းရင်းသားများ စုရုံးဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ အစပိုင်းတွင် ၎င်းတို့သည် မြန်မာငြိမ်းချမ်း ရေးစင်တာရှေ့တွင် ဆန္ဒပြရန် ခွင့်ပြုချက်လျှောက်ထားခဲ့သော်လည်း ငြင်းပယ်ခြင်းခံခဲ့ရသည်။

မီဒီယာဆက်သွယ်မှုများမရှိခြင်းကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ၎င်းတို့၏ အကျပ်အတည်းများအား ကောင်းစွာမသိကြောင်းကို ကိုယ်စားလှယ်များမှ သတိပြုမိခဲ့သည်။

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ အီလဲဗင်း]
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ မဇ္ဈိမ/မြန်မာ]

# မြေယာသိမ်းဆည်းမှုများ

**လယ်သမား၊ အလုပ်သမား အကျိုးစီးပွား ကူညီဆောင်ရွက်သူများ ကွန်ရက်မှ ဦးဆောင်သူ ဖမ်းဆီးခံရ**

လယ်သမား၊ အလုပ်သမား အကျိုးစီးပွား ကူညီဆောင်ရွက်သူများကွန်ရက် (FNIFL) မှ အဖွဲ့ခေါင်းဆောင်တစ်ဦး ဖြစ်သည့် ကိုမျိုးဝင်းကို စစ်ကိုင်းတိုင်း ဂန့်ကြီးချုပ် ရဲမြင့်၏ အမိန့်ဖြင့် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မဘိန်းမြို့နယ် ငအိုးရွာ၌ ဖမ်းဆီးခဲ့သည်။ ကိုမျိုးဝင်းသည် ရေတံခွန်ဂေါက်ကွင်းစီမံကိန်း၏ ပိုလျှံ သောလယ်မြေတွင် ထွန်တုံးတိုက်ပွဲဝင်နေသော လယ်သမားများကို ကူညီခဲ့သောကြောင့် ရာဇသတ်ကြီး ပုဒ်မ ၁၁၄၊ ၄၄၇၊ ၄၂၇ တို့ဖြင့် တရားစွဲဆိုခံခဲ့ရသည်။ ယခုလက်ရှိတွင် ကိုမျိုးဝင်းသည် အိုးဘိုထောင်တွင် ထိန်းသိမ်းခံနေရသည်။

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

**လယ်သမားများနှင့် သတင်းထောက်တစ်ဦး ပုဒ်မ ၄၄၇၊ ၄၂၇ တို့ဖြင့် တရားစွဲဆိုခံရ**

ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ မြစ်ဝရေကြီးကွင်းဒေသရှိ မြေလွတ်၊ မြေရိုင်းများကို ၂၀၀၀ ခုနှစ်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဖိုးလမင်းကုမ္ပဏီ ကိုလုပ်ပိုင်ခွင့် ချပေးခဲ့သော်လည်း ကရင်လယ်သမားများပိုင်သော မြေများကိုပါ ကုမ္ပဏီမှ သိမ်းယူခဲ့သည်။ လယ်သမားများသည် ထိုသိမ်းယူခံထားရသော မြေများ အတွက် လျော်ကြေးမရရှိခဲ့ပဲ ထိုမြေများတွင် ထွန်ယက်စိုက်ပျိုးသောအခါ ပိုင်နက်ကျူးလွန်မှု၊ အကျိုးဖျက်ဆီးမှု ပုဒ်မ ၄၄၇၊ ၄၂၇ တို့ဖြင့် တရားစွဲဆိုခြင်းခံရသည်။

တရားစွဲဆိုခံထားရသော လယ်သမားများထဲမှ လယ်သမားဆယ်ဦးနှင့် သတင်းထောက်တစ်ဦးတို့သည် အောက်တိုဘာလ ၈ ရက်နေ့တွင် တရားရုံးချိန်းတက်ရောက်ခဲ့သည်။ ထိုလယ်သမားများအပြင် သတင်းထောက် တစ်ဦးသည်လည်း ရဲစခန်း နှင့် ရပ်ကွက်ကျေးရွာဥက္ကဋ္ဌတို့အား သတင်းယူရန် အကြောင်းကြားခဲ့သော်လည်း ပုဒ်မ ၄၄၇၊ ၄၂၇ တို့ဖြင့်ပင် တရားစွဲဆိုခံခဲ့ရသည်။

[၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ ဒီဗွီဘီ]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ ဗွီအိုအေ/မြန်မာ]

# အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ

**နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန် တိုင်းရင်းသားအဖွဲ့အစည်းရုစ်ဖွဲ့မှ တောင်းဆို**

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့နှင့် အစိုးရတို့သည် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုတိုင်းရင်းသားအဖွဲ့အစည်းရှစ်ဖွဲ့မှ နိုင်ငံရေး အကျဉ်းသားများ လွှတ်ပေးရန် တောင်းဆိုခဲ့ပြီး ပအို့ဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့အစည်းမှ ဥက္ကဌဖြစ်သူ ဦးခွန်မြင့်ထွန်းသည် စေ့စပ်ဆွေးနွေးချိန်များအတွင်း ပါဝင်လက်မှတ်ထိုးမည့်သူများ သဘောတူညီခဲ့သော အချက်တစ်ချက်ဖြစ်သည့် လာမည့်ရွေးကောက်ပွဲမတိုင်မီ တိုင်းရင်းသားအဖွဲ့အစည်းများမှ နိုင်ငံရေးအကျဉ်းသားများအား အစိုးရမှ လွှတ်ပေးလိမ့်မည်ဆိုသည်ကို ယုံကြည်ကြောင်း ပြောကြားခဲ့သည်။ NCA အရ လက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့မှ အဖွဲ့ဝင်များနှင့် တရားမဝင်အဖွဲ့အစည်းနှင့် ဆက်သွယ်သည်ဟုစွပ်စွဲကာ ထောင်ဒဏ်ချမှတ်ခံထားရသူများသည် မည်သည့် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်မဆို လွတ်မြောက်လိမ့်မည်ဖြစ်သည်။

တစ်ခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့သည် NCA စာချုပ်အား လက်မှတ်မထိုးခဲ့ပဲ နောက်ထပ်သုံးဖွဲ့သည် ဆွေးနွေးပွဲများမှ ချန်လှပ်ထားခြင်းခံရသည်။ သမ္မတဦးသိန်းစိန် အစိုးရသည် ယခုလက်ရှိ လက်မှတ်ရေး ထိုးထားသော လက်နက်ကိုင် အဖွဲ့များနှင့် စေ့စပ်ညှိနှိုင်းမှုများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခဲ့လျှင် တစ်ခြား အဖွဲ့များသည်လည်း NCA အားလက်မှတ်ထိုးလိမ့်မည်ဟု ယုံကြည်လျက်ရှိသည်။

နိုင်ငံရေးအကျဉ်းသားအားလုံး ချက်ချင်း လွတ်မြောက်ခြင်းမရှိလျှင်တောင်မှ ထောင်သွင်းအကျဉ်းချခြင်း ခံထား ရသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့မှ အဖွဲ့ဝင်များသည် လွတ်မြောက်သင့်သည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့် ရှောက်ရေးအသင်းမှ အတွင်းရေးမှူးဖြစ်သူ ဦးတိတ်နိုင်မှ ပြောကြားခဲ့သည်။

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ The Guardian]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ မြန်မာတိုင်း]

**လက်ပံတန်းဖြိုခွင်းခြင်းနှင့် ပတ်သက်၍ Fortify Rights အဖွဲ့မှ အသေးစိပ် အစီရင်ခံစာ ထုတ်ပြန်**

Fortify Rights နှင့် the Harvard Law School International Human Rights Clinic အဖွဲ့တို့သည် လက်ပံတန်း၌ဖြိုခွင်းခြင်း၊အလွန်အကျွံအင်အားသုံး၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် တို့ကို ချိုးဖောက်ခြင်းဆိုသည့် အစီရင်ခံစာအား အောက်တိုဘာလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာသည် မတ်လ ၁၀ ရက်နေ့၌ ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်၌ အမျိုးသားပညာရေးဥပဒေကြမ်းအား ဆန့်ကျင် ဆန္ဒပြသူများကို ရဲများမှ အကြမ်းဖမ်ဖြိုခွင်းရာတွင် တွေ့ရှိသည့် မျက်မြင်သက်သေများအား လူတွေ့မေးမြန်း ထားမှု ၂၅ ခု၊ ဗွီဒီယို ၄၀ ခု၊ ဓာတ်ပုံအခု ၅၀၀ တို့အား အခြေခံ၍ ထုတ်ပြန်ထားခြင်းဖြစ်သည်။ ဖြိုခွင်းမှုတွင်ပါဝင်သော ရဲ များမှ အင်အားသုံးအကြမ်းဖက်ခြင်းကို ထိုအစီရင်ခံစာ၌ စုံစမ်းတွေ့ရှိခဲ့ပြီး ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများကို ပရိယာယ်သုံး၍ ဖြိုခွဲခြင်းသည် တရားမျှတမှုမရှိခြင်းနှင့် အစွန်းရောက်ခြင်းဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။

လက်ပံတန်း အကြမ်းဖက်ဖြိုခွင်းမှုတွင် ပါဝင်ခဲ့ကြသော ရဲအရာရှိများကို အရေးယူဆောင်ရွက်ခြင်းမရှိသည်ကို အစီရင်ခံစာ၌ ထောက်ပြခဲ့ပြီး ရဲများမှ အလွန်အကျွံ အင်အားသုံးခြင်းအတွက် ဘက်လိုက်မှုကင်းသော စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရန်၊ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်တို့ကို ချိုးဖောက်၍ အာဏာရှင်ဆန်စွာ ဖမ်းဆီးခြင်းနှင့် ဆက်လက်အကျဉ်းချထားခြင်းတို့အတွက် အစိုးရကို တာဝန်ယူစေရန် မှတ်ချက်ပြုခဲ့ သည်။

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ Fortify Rights]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ မြန်မာတိုင်း]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ ဗွီအိုအေ/မြန်မာ]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ မဇ္ဈိမ/မြန်မာ]

**နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများ လွတ်မြောက်ရန် စည်းရုံး လှုံ့ဆော်မှု စတင်**

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် မြန်မာနိုင်ငံတွင်း ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများ လွတ်မြောက်ရန် တောင်းဆိုသည့် စည်းရုံးလှုံ့ဆော်မှုအား အထွေထွေရွေးကောက်ပွဲ ကျင်းပရန် တစ်လအလိုအောက်တိုဘာ ၈ ရက်နေ့တွင် စတင်ခဲ့သည်။ ၂၀၁၄ ခုနှစ်၊ နှစ်ဆန်းပိုင်းကတည်းက မြန်မာနိုင်ငံတွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသော နိုင်ငံရေး အကျဉ်းသား အရေအတွက် တိုးလာခြင်းနှင့် နိုင်ငံရေးဆိုင်ရာ ဖိနှိပ်မှုများ သိသာထင်ရှားစွာ များလာခြင်းတို့ကို အထောက်အထားများဖြင့် မြန်မာနိုင်ငံတွင်း ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသော မျိုးဆက်သစ်များအကြောင်းကို လမ်းဟောင်းသို့ပြန်သွားခြင်း ဟူသော ခေါင်းစဉ်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သည်။

ထို စည်းရုံးလှုံ့ဆော်မှုသည် အထွေထွေရွေးကောက်ပွဲသို့ ဦးတည်နေစဉ်အတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်နေခြင်းအား မြင်သာအောင်ပြခြင်းဖြစ်ပြီး အရေးပါသော အချိန်အတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြသော တက်ကြွလှုပ်ရှား သူများကို ဖမ်းဆီးထိန်းသိမ်းထားခြင်းနှင့် ရေငုံနှုတ်ပိတ်နေခြင်းကို ဆန့်ကျင်၍ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ကမ္ဘာ့ခေါင်း ဆောင်များ သည် ထိုသူတို့ဘက်မှ ရပ်တည်ရန် တောင်းဆိုမှုဖြစ်သည်။

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ Amnesty International]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ ဘီဘီစီ/မြန်မာ]

[၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်၊ Amnesty International]

# နိဂုံးချုပ်နှင့် သုံးသပ်ချက်

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်း၌ နိုင်ငံရေးအကျဉ်းသား ၃၁ ဦးမှလွဲ၍ နိုင်ငံရေးအကျဉ်းသားအားလုံး သည် သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာခဲ့ပြီးသည့်နောက်တွင် နိုင်ငံရေးအကျဉ်းသား အရေ အတွက်နှင့် နိုင်ငံရေးဆိုင်ရာ ဖိနှိပ်မှုများ ပုံမှန်တိုးလာခြင်း တို့ကို နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက် ရေးအသင်း (AAPP)မှ မှတ်တမ်းပြုစုထားခဲ့သည်။ ထိုအကြောင်းအရာကို ထပ်လောင်း အတည်ပြုသောအားဖြင့် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် အထွေထွေရွေးကောက်ပွဲ မကျင်းပမီ တစ်လအလို အောက်တိုဘာ ၈ ရက်နေ့တွင် အစီရင်ခံစာတစ်စောင် ထုတ်ပြန်၍ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသော နိုင်ငံရေးအကျဉ်းသား အရေအတွက် တိုးလာခြင်းကို မီးမောင်းထိုးပြခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် တောင်းဆိုခဲ့သည်။ အစိုးရသည် ရွေးကောက်ပွဲသို့ ဦးတည်နေချိန် အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပက်သက်၍ ပြည်တွင်း နှင့်နိုင်ငံတကာအသိုင်းအဝိုင်းတို့၏ အာရုံစိုက်မှုကို ရှောင်ရှားကောင်း ရှောင်ရှားလိမ့်မည်ဟု လက်ဦးက အတွေးများရှိခဲ့သော်လည်း ယခုလအတွင်း တွင် နိုင်ငံရေး လှုပ်ရှားသူ ၁၀ ဦး ဖမ်းဆီးခံခဲ့ရပြီး ရှစ်ဦး ထိန်းသိမ်း ခံထားရကာ ၃၁ ဦး ပြစ်ဒဏ်ချမှတ်ခံထားရကြောင်းကို AAPP မှတ်တမ်းမှတ်ရာများနှင့် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ တင်ပြထားချက်များအရ အထင်အရှား တွေ့မြင်နိုင်သည်။

နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ငြိမ်းချမ်းစွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၈၊ ၁၉ တို့ဖြင့် တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းတို့သည် ပုံမှန် လုပ်ရိုးလုပ်စဉ်ကဲ့သို့ ဖြစ်လာလျက်ရှိသည်။ ထိုဥပဒေသည် နိုင်ငံသားတို့၏ အခွင့်အရေးများကို ကာကွယ်သင့်သော်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ကွဲလွဲခွင့်တို့အား ဖိနှိပ်ရန် ထိုဥပဒေသည် ဆက်လက်အသုံးပြုခြင်းကို ခံနေရသည်။

လွန်ခဲ့သော တစ်နှစ်နီးပါးက ငြိမ်းချမ်းစွာ ဆန္ဒပြမှုတွင် ပူးပေါင်းပါဝင်သည်ဟူသော စွပ်စွဲချက်ဖြင့် တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ဒေါ်မြတ်နှိုင်း ဖမ်းဆီးထိန်းသိမ်းခံရခြင်းသည် ရွေးကောက်ပွဲအတွက် နီးကြားနေချိန်အတွင်း ပြင်းထန်သော ဥပဒေများကို အသုံးပြု၍ အတိုက်အခံများအား ဖိနှိပ်နေကြောင်း ဥပမာတစ် ရပ်ဖြစ်ခဲ့သည်။

ထို့ပြင် ဥပဒေပြဌာန်းခြင်းအား အစဉ်အလာအရ အသုံးပြု၍ အစိုးရသည် နိုင်ငံရေးလှုပ်ရှားသူများအား ဖမ်းဆီးရန် ဥပဒေသစ်တစ်ခုရေးဆွဲခဲ့သည်။ ထိုဖမ်းဆီးမှုများထဲမှ ကိုလှုဇော်စိုးဝင်း၊ ပတ်ထရစ်ကွန်ဂျာလီ နှင့် မချောစန္ဒီထွန်း တို့၏အမှုများသည် သတိပြုမိစရာဖြစ်သည်။ ထိုပုဂ္ဂိုလ် သုံးဦးလုံးကို ဆက်သွယ်ရေးဥပဒေများနှင့် ဆက်နွယ်ပြီး အသရေဖျက် မှုပုဒ်မများ တပ်ကာဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြင့် ဖိနှိပ် ချုပ်ချယ်သော အစိုးရက ၎င်းတို့၏ သဘောထားကိုထင်ထင်ရှားရှားပြ သလိုက်ခြင်း သည် သူတို့၏မူလပုံ သဏ္ဌာန်ကိုထင်ဟပ်စေပြီး အပြောင်း အလဲနှင့် ရင်ဆိုင်ရချိန်တွင် သဘောထားကွဲလွဲမှုကို ပြောင်ကျကျ နှိမ်နင်းရန် နည်းလမ်းသစ် တစ်ရပ်အနေဖြင့် အသုံးချလာခြင်းဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့ဝင် ဦးသန်းထွန်းသည် ဒေါ်အောင်ဆန်းစုကြည်ကို အသရေဖျက်သည့် ဓာတ်ပုံအား Facebook ပေါ်တွင် တင်ခဲ့ခြင်းအတွက် တရားစွဲဆိုခံခဲ့ရသော်လည်း သူ၏အမှုကို အာဏာပိုင်များမှတုံ့ပြန်ရာတွင် နှေးကွေးစွာတုံ့ပြန်ခဲ့ပြီး အာဏာရ ပါတီ၏ပြိုင်ဘက်များကို ဆန့်ကျင်သော အသရေဖျက်မှုများတွင် မလို တမျိုး၊ လိုတမျိုးလုပ်ဆောင်နေကြောင်း ညွှန်ပြနေပြီး ပြင်းထန်စွာ တုံ့ပြန်ခြင်း မရှိပေ။

အမျိုးသား ပညာရေးဥပဒေကြမ်းကို ဆန့်ကျင် ဆန္ဒပြပွဲတွင် ပူးပေါင်းပါဝင်ခြင်းအတွက် ဖမ်းဆီး၊ ထိန်းသိမ်းခံထားရပြီး တရားစွဲ ဆိုခံထားရသော ကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူများ လွတ်မြောက်ရေးအတွက် စည်းရုံးလှုံ့ဆော်၊ တောင်းဆိုခြင်းများပြုလုပ်နေသော်လည်း ကျောင်းသားနှင့် တက်ကြွလှုပ်ရှားသူ ၆၁ ဦးသည် ထိန်းသိမ်းခံထားရဆဲဖြစ်ပြီး အများအပြားသည် အကြမ်းဖက်ဖြိုခွင်းမှုတွင်း ရရှိသော ဒဏ်ရာများကြောင့် နောက်ဆက်တွဲ ဝေဒနာများ ခံစားရလျက်ရှိသည်။ ကြာရှည်စွာ အမှု ရင်ဆိုင်နေရခြင်းသည် ၎င်းတို့အား ကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှု ရရှိရန်နှင့် ရွေးကောက်ပွဲသို့ ဦးတည်နေချိန် တွင် နိုင်ငံရေးလှုပ်ရှားမှုများ၌ ပူးပေါင်းပါဝင်ရန် တားဆီးထားလျက်ရှိသည်။ ကျောင်းသားများ လွတ်မြောက်ရေးနှင့် ကောင်းမွန်စွာ နေထိုင်နိုင်ခြင်းတို့ကို အစိုးရမှ ဥပက္ခာပြုထားခြင်းသည် လူသားခြင်းစာနာမှုကို လျစ်လျူရှုထားခြင်းဖြစ်ပြီး အမှုရင်ဆိုင်ရခြင်းများတိုးလာခြင်းနှင့် ပက်သက်၍ စိုးရိမ်မှုများ ပြင်းထန်စွာ မြင့်တက်နေသည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့နှင့် အမေရိကန် နိုင်ငံခြားရေး ရာဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီတို့ အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် ထိုအမှုကိစ္စများနှင့် ပက်သက်၍ ဖွင့်ဟပြောဆိုခဲ့ပြီး နိုင်ငံရေး လှုပ်ရှားသူများကို ထိန်းသိမ်းထားခြင်းနှင့် ထောင်သွင်းအကျဉ်းချထားခြင်းတို့သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်လာရန် အတားအဆီးဖြစ်သည်ဟု ၎င်းတို့၏ စိုးရိမ်မှုအား ထုတ်ဖော်ပြောဆိုခဲ့သည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန် တရားဝင် တောင်းဆိုခဲ့သော်လည်း အစိုးရ၏ဆောင်ရွက်ချက်များသည် ပြည်တွင်းနှင့် နိုင်ငံတကာအ သိုင်းအဝိုင်းတို့၏ဖိအားများကို သိသာထင်ရှားစွာ လျစ်လျူရှု၍ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့် လည်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့အား စနစ်ကျစွာဖြင့် ချိုးဖောက်လျက်ရှိသည်။

ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေး အကျဉ်းသား ၁၁၂ ဦး အကျဉ်းကျခံနေရပြီး နိုင်ငံရေးလှုပ်ရှားသူ ၄၈၆ ဦးသည် အမှုရင်ဆိုင်နေရ၍ ၎င်းတို့ထဲမှ ၁၂၆ ဦးသည် ထိန်းသိမ်းခံထားရသောကြောင့် အစိုးရသည် ပြုပြင်ပြောင်းလဲမှုပြု လုပ်မည်ဆိုသည့် ၎င်း၏ကတိကို နောက်ပြန်ဆုတ်နေပြီး ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေး အကျဉ်းသားများကို လွှတ်ပေးရန် စူးစိုက်မှုမရှိသည်ကို ရှင်းလင်းစွာမြင်နိုင်သည်။

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင် အတွင်းရေးမှူး** +၆၆(၀) ၈၁ ၂၈၇၈ ၇၅၁
**ဘိုကြည် တွဲဘက် အတွင်းရေးမှူး** +၆၆(၀) ၈၁ ၉၆၂၈ ၇၃၃

# အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links

## အောက်တိုဘာလ ၅ ရက်

*ထိန်းသိမ်းခံထားရသော ကချင်အမျိုးသား၏ ရုပ်အလောင်းကို တွေ့ရှိပြီးနောက် စစ်တပ်အား စုံစမ်း စစ်ဆေးခြင်း၊ ဧရာဝတီ*

*ထိန်းသိမ်းခံထားရသော ကချင်အမျိုးသား၏ ရုပ်အလောင်းကို တွေ့ရှိပြီးနောက် စစ်တပ်အား စုံစမ်း စစ်ဆေးခြင်း၊ ဧရာဝတီ/မြန်မာ*

## အောက်တိုဘာလ ၆ ရက်

ထိန်းသိမ်းခံထားရသော ကချင်အမျိုးသား၏ ရုပ်အလောင်းကို တွေ့ရှိပြီး နောက် စစ်တပ်အား စုံစမ်း စစ်ဆေးခြင်း၊ မဇ္ဈိမ/မြန်မာ

*နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် တောင်းဆိုချက်များ လိုက်လျောခြင်းမရှိသည့်အတွက် ကျောင်းသားများ လှုပ်ရှားမှုများပြုလုပ်၊ အီလဲဗင်း/မြန်မာ*

## အောက်တိုဘာလ ၇ ရက်

*မြေယာအခွင့်အရေးဆန္ဒပြသော မိကျောင်းကန်ပြည်သူ ၁၃ ဦး ပြစ်ဒဏ် ချမှုမှတ်ခံရ၊ မိကျောင်းကန်ပြည်သူတစ်ဦး ဖမ်းဆီးမှုမှ တိမ်းရှောင်၊ အီလဲဗင်း/မြန်မာ*

*နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် တောင်းဆိုချက်များ လိုက်လျောခြင်းမရှိသည့်အတွက် ကျောင်းသားများ လှုပ်ရှားမှုများပြုလုပ်၊ အီလဲဗင်း*

*တိုင်းရင်းသားများ မတရားဖမ်းဆီး၊ ထိန်းသိမ်းခံရခြင်းများကို ဆန့်ကျင် ဆန္ဒထုတ်ဖော်၊ ဧရာဝတီ/မြန်မာ*

*တိုင်းရင်းသားများ မတရားဖမ်းဆီး၊ ထိန်းသိမ်းခံရခြင်းများကို ဆန့်ကျင် ဆန္ဒထုတ်ဖော်၊ အီလဲဗင်း*

*တိုင်းရင်းသားများ မတရားဖမ်းဆီး၊ ထိန်းသိမ်းခံရခြင်းများကို ဆန့်ကျင် ဆန္ဒထုတ်ဖော်၊ အီလဲဗင်း/မြန်မာ*

*တိုင်းရင်းသားများ မတရားဖမ်းဆီး၊ ထိန်းသိမ်းခံရခြင်းများကို ဆန့်ကျင် ဆန္ဒထုတ်ဖော်၊ မဇ္ဈိမ/မြန်မာ*

*နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများ လွှတ်မြောက်ရန် စည်းရုံး လှုံ့ဆော်မှု စတင်၊ Amnesty International*

*နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများ လွှတ်မြောက်ရန် စည်းရုံး လှုံ့ဆော်မှု စတင်၊ ဘီဘီစီ/မြန်မာ*

## အောက်တိုဘာလ ၈ ရက်

*လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူများ လွှတ်မြောက်ရန် စည်းရုံး လှုံ့ဆော်မှု စတင်၊ Amnesty International*

## အောက်တိုဘာလ ၉ ရက်

*ရတနာပုံတက္ကသိုလ်ကျောင်းသား လေးဦး ထောင်ဒဏ်ချမှတ်ခံရ၊ ဧရာဝတီ*

*ရတနာပုံတက္ကသိုလ်ကျောင်းသား လေးဦး ထောင်ဒဏ်ချမှတ်ခံရ၊ ဒီဗွီဘီ/မြန်မာ*

*ရတနာပုံတက္ကသိုလ်ကျောင်းသား လေးဦး ထောင်ဒဏ်ချမှတ်ခံရ၊ လွတ်လပ်သော အာရှအသံ/မြန်မာ*

*ရတနာပုံတက္ကသိုလ်ကျောင်းသား လေးဦး ထောင်ဒဏ်ချမှတ်ခံရ၊ မဇ္ဈိမ/မြန်မာ*

*ရတနာပုံတက္ကသိုလ်ကျောင်းသား လေးဦး ထောင်ဒဏ်ချမှတ်ခံရ၊ အီလဲဗင်း/မြန်မာ*

## အောက်တိုဘာလ ၁၀ ရက်

*ရတနာပုံတက္ကသိုလ်ကျောင်းသား လေးဦး ထောင်ဒဏ်ချမှတ်ခံရ၊ The Voice*

*ရတနာပုံတက္ကသိုလ်ကျောင်းသား လေးဦး ထောင်ဒဏ်ချမှတ်ခံရ၊ အီလဲဗင်း/မြန်မာ*

*ရတနာပုံတက္ကသိုလ်ကျောင်းသား လေးဦး ထောင်ဒဏ်ချမှတ်ခံရ၊ အီလဲဗင်း*

## အောက်တိုဘာလ ၁၁ ရက်

*လယ်သမားများနှင့် သတင်းထောက်တစ်ဦး ပုဒ်မ ၄၄၇၊ ၄၂၇ တို့ဖြင့် တရားစွဲဆိုခံရ၊ ဒီဗွီဘီ*

## အောက်တိုဘာလ ၁၂ ရက်

*လက်ပံတန်း ဆန္ဒပြကျောင်းသားများ ကျန်းမာရေးချို့တဲ့၊ ဧရာဝတီ*

*နိုင်ငံရေး လှုပ်ရှားသူ ကိုနေမျိုးဇင်အား တရားရုံးမှ အပြစ်မရှိကြောင်း အမိန့်ချ၊ အီလဲဗင်း/မြန်မာ*

*မုံရွာမြို့ အနေးယာဉ်လုပ်သားများ NLD ပါတီထောက်ခံပွဲပြုလုပ်ရာတွင် ဦးဆောင်သည်ဟု စွပ်စွဲကာ လေးဦး ငြိမ်းစု စီဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံရ၊ ဧရာဝတီ*

*မုံရွာမြို့ အနေးယာဉ်လုပ်သားများ NLD ပါတီထောက်ခံပွဲပြုလုပ်ရာတွင် ဦးဆောင်သည်ဟု စွပ်စွဲကာ လေးဦး ငြိမ်းစု စီဥပဒေပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံရ၊ အီလဲဗင်း/မြန်မာ*

*ဖမ်းဆီးခံဆန္ဒပြသူများလွှတ်ပေးရေးအတွက် ဦးဆောင်တောင်းဆိုသော ကျောင်းသား နှစ်ဦး ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံရ၊ 7 Day Daily/မြန်မာ*

*လယ်သမားများနှင့် သတင်းထောက်တစ်ဦး ပုဒ်မ ၄၄၇၊ ၄၂၇ တို့ဖြင့် တရားစွဲဆိုခံရ၊ ဗွီအိုအေ/မြန်မာ*

## အောက်တိုဘာလ ၁၃ ရက်

*တပ်မတော်၏ ယူနီဖောင်းအသစ်ကို လူမှုကွန်ယက်တွင် သရော်သည့် နိုင်ငံရေး လှုပ်ရှားသူတစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံရ၊ လွတ်လပ်သော အာရှအသံ*

*တပ်မတော်၏ ယူနီဖောင်းအသစ်ကို လူမှုကွန်ယက်တွင် သရော်သည့် နိုင်ငံရေး လှုပ်ရှားသူတစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံရ၊ အီလဲဗင်း*

*တပ်မတော်၏ ယူနီဖောင်းအသစ်ကို လူမှုကွန်ယက်တွင် သရော်သည့် နိုင်ငံရေး လှုပ်ရှားသူတစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံရ၊ လွတ်လပ်သော အာရှအသံ/မြန်မာ*

*တပ်မတော်၏ ယူနီဖောင်းအသစ်ကို လူမှုကွန်ယက်တွင် သရော်သည့် နိုင်ငံရေး လှုပ်ရှားသူတစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံရ၊ ဧရာဝတီ/မြန်မာ*

*တပ်မတော်၏ ယူနီဖောင်းအသစ်ကို လူမှုကွန်ယက်တွင် သရော်သည့် နိုင်ငံရေး လှုပ်ရှားသူတစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံရ၊ မဇ္ဈိမ/မြန်မာ*

*တပ်မတော်၏ ယူနီဖောင်းအသစ်ကို လူမှုကွန်ယက်တွင် သရော်သည့် နိုင်ငံရေး လှုပ်ရှားသူတစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံရ၊ ဒီဗွီဘီ/မြန်မာ*

*တပ်မတော်၏ ယူနီဖောင်းအသစ်ကို လူမှုကွန်ယက်တွင် သရော်သည့် နိုင်ငံရေး လှုပ်ရှားသူတစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံရ၊ ဘီဘီစီ/မြန်မာ*

*တပ်မတော်၏ ယူနီဖောင်းအသစ်ကို လူမှုကွန်ယက်တွင် သရော်သည့် နိုင်ငံရေး လှုပ်ရှားသူတစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံရ၊ အီလဲဗင်း/မြန်မာ*

## အောက်တိုဘာလ ၁၄ ရက်

*တက်ကြွလှုပ်ရှားသူ၏ ခင်ပွန်း အသရေဖျက်ထားသော Facebook Postအတွက် ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ ဘီဘီစီ/မြန်မာ*

*တပ်မတော်၏ ယူနီဖောင်းအသစ်ကို လူမှုကွန်ယက်တွင် သရော်သည့် နိုင်ငံရေးလှုပ်ရှားသူတစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံရ၊ ဗွီအိုအေ/မြန်မာ*

*တပ်မတော်၏ ယူနီဖောင်းအသစ်ကို လူမှုကွန်ယက်တွင် သရော်သည့် နိုင်ငံရေးလှုပ်ရှားသူတစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံရ၊ အီလဲဗင်း/မြန်မာ*

*တပ်မတော်၏ ယူနီဖောင်းအသစ်ကို လူမှုကွန်ယက်တွင် သရော်သည့် နိုင်ငံရေးလှုပ်ရှားသူတစ်ဦး ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံရ၊ ဒီဗွီဘီ*

*ထိန်းသိမ်းခံထားရသော လက်ပံတန်း ဆန္ဒပြကျောင်းသားများ မဲပေးနိုင်၊ ဧရာဝတီ*

*နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန် တောင်းဆိုချက်များ လိုက်လျောခြင်းမရှိသည့်အတွက် ကျောင်းသားများ လှုပ်ရှားမှုများပြုလုပ်၊ ဧရာဝတီ*

## အောက်တိုဘာလ ၁၅ ရက်

*တက်ကြွလှုပ်ရှားသူ၏ ခင်ပွန်း အသရေဖျက်ထားသော Facebook Postအတွက် ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ ဧရာဝတီ*

*တက်ကြွလှုပ်ရှားသူ၏ ခင်ပွန်း အသရေဖျက်ထားသော Facebook Postအတွက် ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ ဗွီအိုအေ/မြန်မာ*

*ထိန်းသိမ်းခံထားရသော ဆန္ဒပြကျောင်းသားများ ထောင်ဒဏ်နှစ်လစီ ပြစ်ဒဏ်ချမှတ်ခံရ၊ ဒီဗွီဘီ/မြန်မာ*

*ထိန်းသိမ်းခံထားရသော ဆန္ဒပြကျောင်းသားများ ထောင်ဒဏ်နှစ်လစီ ပြစ်ဒဏ်ချမှတ်ခံရ၊ လွတ်လပ်သော အာရှအသံ*

*နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန် တိုင်းရင်းသားအဖွဲ့ အစည်းရှစ်ဖွဲ့မှ တောင်းဆို၊ The Guardian*

## အောက်တိုဘာလ ၁၆ ရက်

*တက်ကြွလှုပ်ရှားသူ၏ ခင်ပွန်း အသရေဖျက်ထားသော Facebook Postအတွက် ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ Amnesty International*

*တက်ကြွလှုပ်ရှားသူ၏ ခင်ပွန်း အသရေဖျက်ထားသော Facebook Postအတွက် ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ ဧရာဝတီ*

## အောက်တိုဘာလ ၁၉ ရက်

*တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ဒေါ်မြတ်နုနိုင် ၂၀၁၄ ခုနှစ်၊ ဆန္ဒပြမှုတွင် ပူးပေါင်းပါဝင်ခြင်းအတွက် ဖမ်းဆီးတရားစွဲဆိုခံရ၊ ဧရာဝတီ*

*တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ဒေါ်မြတ်နုနိုင် ၂၀၁၄ ခုနှစ်၊ ဆန္ဒပြမှုတွင် ပူးပေါင်းပါဝင်ခြင်းအတွက် ဖမ်းဆီးတရားစွဲဆိုခံရ၊ အီလဲဗင်း/မြန်မာ*

*တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ဒေါ်မြတ်နုနိုင် ၂၀၁၄ ခုနှစ်၊ ဆန္ဒပြမှုတွင် ပူးပေါင်းပါဝင်ခြင်းအတွက် ဖမ်းဆီးတရားစွဲဆိုခံရ၊ ဒီဗွီဘီ/မြန်မာ*

*တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ဒေါ်မြတ်နုနိုင် ၂၀၁၄ ခုနှစ်၊ ဆန္ဒပြမှုတွင် ပူးပေါင်းပါဝင်ခြင်းအတွက် ဖမ်းဆီးတရားစွဲဆိုခံရ၊ ဘီဘီစီ/မြန်မာ*

*လမ်းလျှောက်ချီတက်ဆန္ဒပြခြင်းအတွက် တိုင်းရင်းသားငါးဦး တရားစွဲခံရပြီး ဒဏ်ငွေချမှတ်ခံရ၊ မဇ္ဈိမ/မြန်မာ*

*Facebook တွင် ဒေါ်အောင်ဆန်းစုကြည်ကို အသရေဖျက်သည့် ပြည်ထောင် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့ ဝင် တရားစွဲခံရ၊ ဧရာဝတီ*

## အောက်တိုဘာလ ၂၀ ရက်

*လွှတ်တော်ကိုယ်စားလှယ်လောင်းကို ၂၀၁၄ခုနှစ်ဆန္ဒပြပွဲတွင်ပါဝင်မှုဖြင့် ဖမ်းဆီးထိန်းသိမ်း၊ Amnesty International*

*ဖြူးတစ်သီးပုဂ္ဂလ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းကို ဒဂုံမြို့နယ် တရားရုံးတွင် ပုဒ်မ ၇ ခုဖြင့် ရုံးထုတ်၊ The Voice /မြန်မာ*

*တက်ကြွလှုပ်ရှားသူတစ်ဦး၏ တရားရုံးချိန်းများသို့ လာရောက်ရန်ပျက်ကွက်နေသည့် အစိုးရသက်သေကို တရားရုံးကဆင့်ခေါ်၊ မြန်မာတိုင်း*

*နိုင်ငံရေးအကျဉ်းသားများအားလုံးလွှတ်ပေးရန်အတွက် အစာငတ်ခံဆန္ဒပြမှုကို လက်ပံတန်းကျောင်းသားများ တိုးမြှင့်လုပ်ဆောင်၊ မြန်မာတိုင်း*

*လမ်းလျှောက်ချီတက်ဆန္ဒပြသူ ငါးဦးကို ဒဏ်ငွေများချတ်မှတ်၊ အီလဲဗင်း/မြန်မာ*

*အာဏာရပါတီမှ တွဲဖက်အတွင်းရေးမှူးကို ဒေါ်အောင်ဆန်းစုကြည်အား အွန်လိုင်းပေါ်တွင်အသေရဖျက်မှုဖြင့် ဖမ်းဆီး၊ ဧရာဝတီ*

*လူမှုကွန်ရက်စာမျက်နှာတွင် အသေရဖျက်မှုဖြင့်တရားစွဲဆိုခံထားရသူများ မမျှတသောပြစ်ဒဏ်များကျခံရမည်ကို စိုးရိမ်လျက်ရှိ၊ မြန်မာတိုင်း*

*အကောင့်တုတွင် ဆဲဆိုမှုဖြင့် Facebook သုံးစွဲသူတစ်ဦးဖမ်းဆီးခံရ၊ ဧရာဝတီ/မြန်မာ*

*သမ္မတကြီးဆိုသည့် စကားလုံးပါ ကဗျာရေးသားသူ မောင်ဆောင်းခကို ဆက်သွယ်ရေးဥပဒေဖြင့်အမှုဖွင့်၊ အီလဲဗင်း/မြန်မာ*

*တိုင်းရင်းသားအဖွဲ့ (၈)ဖွဲ့မှ နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန် တောင်းဆို။ မြန်မာတိုင်းမ်*

## အောက်တိုဘာလ ၂၁ ရက်

*တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းကို ၂၀၁၄ခုနှစ် ဆန္ဒပြပွဲတွင်ပါဝင်မှုဖြင့် ဖမ်းဆီးထိန်းသိမ်း၊ မြန်မာတိုင်း*

*Facebook တွင် စာရေးသားမှုကြောင့် အသရေဖျက်မှုပုဒ်မဖြင့်တရားစွဲခံထားရသူများကို လွှတ်ပေးရန် တက်ကြွလှုပ်ရှားသူအဖွဲ့များမှတောင်းဆို၊ Burma Net*

*ကဗျာဆရာမောင်ဆောင်းခကို ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်၊ ဧရာဝတီ*

## အောက်တိုဘာလ ၂၂ ရက်

*မိကျောင်းကန်ရပ်ကွက် မြေသိမ်းခံဆန္ဒပြသူ ၁၃ဦးကို ပြစ်ဒဏ်များချမှတ်၊ တစ်ဦးမှာ ရှောင်တိမ်းနေ။ ဒီဗွီဘီ (မြန်မာ)*

*တက်ကြွလှုပ်ရှားသူငါးဦး ထောင်ဒဏ်ငါးလနှင့် ဒဏ်ငွေတစ်ထောင်ချမှတ်ခံရ။ ဧရာဝတီ*

*တက်ကြွလှုပ်ရှားသူငါးဦး ထောင်ဒဏ်ငါးလနှင့် ဒဏ်ငွေတစ်ထောင်ချမှတ်ခံရ။ ဧရာဝတီ (မြန်မာ)*

*နိုင်ငံရေးအကျဉ်းသားများအားလုံးလွှတ်ပေးရေးအတွက် ကျောင်းသားများအစာငတ်ခံဆန္ဒပြတောင်းဆို။ The Nation*

## အောက်တိုဘာလ ၂၄ ရက်

*နိုင်ငံရေးအကျဉ်းသားများအားလုံးလွှတ်ပေးရေးအတွက်ကျောင်းသားများအစာငတ်ခံဆန္ဒပြတောင်းဆို။ အလဲဗင်း*

## အောက်တိုဘာလ ၂၇ ရက်

*မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၏ အစီရင်ခံစာ၊ MNHRC*

*နာမည်ကြီးတက်ကြွလှုပ်ရှားသူ၏ ခင်ပွန်း လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်မှုမြောက်သည့် Post တင်ခဲ့သည်ဟူသောစွဲချက်ဖြင့် ဖမ်းဆီးထိန်းသိမ်းခံရ။ ဧရာဝတီ*

*နိုင်ငံရေးအကျဉ်းသားများအားလုံးလွှတ်ပေးရန် ကျောင်းသားများ အစာငတ်ခံဆန္ဒပြ။ မဇ္ဈိမ*

*နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရန် အစာငတ်ခံဆန္ဒပြမှု ကျောင်းသားသုံးဦးထပ်တိုး ဆန္ဒပြ၊ ဧရာဝတီ*

*အစာငတ်ခံဆန္ဒပြတောင်းဆိုသည့် ကျောင်းသား တိုက်ပိတ်ခံရ၊ အီလဲဗင်း*

### အောက်တိုဘာလ ၂၈ ရက်

*နာမည်ကြီးတက်ကြွလှုပ်ရှားသူ၏ ခင်ပွန်း လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်မှုမြောက်သည့် Post တင်ခဲ့သည်ဟူသောစွဲချက်ဖြင့် ဖမ်းဆီးထိန်းသိမ်းခံရ၊ အလဲဗင်း*

### အောက်တိုဘာလ ၂၉ ရက်

*ကျောင်းသားခေါင်းဆောင် ကျော်ကိုကို လအနည်းငယ်ကြာ ပုန်း အောင်း နေပြီးနောက် ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ Coconuts Yangon*

*ကျောင်းသားခေါင်းဆောင် ကျော်ကိုကို လအနည်းငယ်ကြာ ပုန်း အောင်း နေပြီးနောက် ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ ဧရာဝတီ*

*ကျောင်းသားခေါင်းဆောင် ကျော်ကိုကို လအနည်းငယ်ကြာ ပုန်း အောင်း နေပြီးနောက် ဖမ်းဆီး၊ တရားစွဲဆိုခံရ၊ မဇ္ဈိမ/မြန်မာ*

*လူမှုကွန်ရက်စာမျက်နှာတွင် အသေရဖျက်သည်ဟုစွပ်စွဲကာဖမ်းဆီးထိန်းသိမ်းခံထားရသူ မချောစန္ဒီထွန်းကို ဆက်သွယ်ရေးဥပဒေနှင့် ရာဇသတ်ကြီးပုဒ်မများဖြင့် တရားစွဲဆို၊ ဧရာဝတီ*

### အောက်တိုဘာလ ၃၀ ရက်

*ကျောင်းသားခေါင်းဆောင် ကျော်ကိုကို လအနည်းငယ်ကြာ ပုန်း အောင်း နေပြီးနောက် ဖမ်းဆီး၊ တရားစွဲဆိုခံရ၊* The News International

*ကျောင်းသားခေါင်းဆောင် ကျော်ကိုကို လအနည်းငယ်ကြာ ပုန်း အောင်း နေပြီးနောက် ဖမ်းဆီး၊ တရားစွဲဆိုခံရ၊* Amnesty International

*လယ်သမားရေး တက်ကြွလှုပ်ရှားသည့်အဖွဲ့မှ ခေါင်းဆောင်ဖမ်းဆီးခံရ၊ လွတ်လပ်သောအာရှအသံ/မြန်မာ*

### ဖေဖော်ဝါရီလ၊ ၂၀၁၅

*အခမ့်မြေသိမ်းခံထားရသည့်အတွက် ရန်ကုန်မြို့လယ်တွင် သပိတ်စခန်းဖွင့် ကာ ဆန္ဒပြနေသည့် မိချောင်းကန်သပိတ်တွင်ပါဝင်သူများကို အာဏာပိုင်များကတရားစွဲဆို၊ ဧရာဝတီ*